# နှောင်ရေး

"ဓမ္မဝေပုလ္လ" အရှင်သုန္ဒရ

ဟုတ်သော အကြံ
မှန်သော အကျင့်
သင့်သော အယူ
ဖြူသော နှလုံး
သူတော်ထုံးကို
စွဲသုံးသောထွေ
မှန်ပါစေ

"ဓမ္မဝေပုလ္လ" အရှင်သုန္ဒရ

Generated by CamScanner from intsig.com

# နောင်ရေး

ဓမ္မဝေပုလ္လ အရှင်သုန္ဒရ

Generated by CamScanner from intsig.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေ

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံတည်ဆောက်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများ ကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၅၀၀ ကျပ် |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၁၃ ခုနှစ် |
| စီစဉ်သူ | – | အရှင်သုန္ဒရ (မိုးညှင်းသိဂီကျောင်းတိုက်) |
| ပြင်ဆင်မွမ်းမံ | – | မြေလတ်ထင်ကျော်မိုး |
| ကွန်ပျူတာစာစီ/ဒီဇိုင်း | – | ငြိမ်းငြိမ်း |
| အတွင်းဖလင် | – | ကိုဦးနှင့်ညီများ |
| ထုတ်ဝေသူ | – | ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ) |
| ပုံနှိပ်သူ | – | ဦးဌေးလှိုင် (မြ-၀၂၄၅၃) ခရီးဖော်ပုံနှိပ်တိုက် အမှတ်(၈၉၆) သုဓမ္မာလမ်း၊ မရမ်းကုန်းမြို့နယ်။ ဖုန်း –၆၆၁၄၆၅ |
| ဖြန့်ချိရေး | – | မိုးညှင်းသိဂီကျောင်းတိုက်၊ အမှတ်(၂)လမ်းမကြီး (၁၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) |

ဓမ္မဝေပုလ္လအရှင်သုန္ဒရ ၂၉၄ ၃<br>
နောင်ရေး။<br>
ဓမ္မဝေပုလ္လအရှင်သုန္ဒရ။ –ရန်ကုန်<br>
ပန်းဝေဝေစာပေ၊ ၂၀၁၃။<br>
၅၅–စာ၊ ၉ စင်တီ × ၁၅ စင်တီ<br>
(၁)နောင်ရေး။

## မာတိကာ


၁။ နိဒါန်းစကား ဓ

၂။ နောင်ရေး ဉ

၃။ မီးမောင်းထိုးပြခြင်း၊ ဗုဒ္ဓဘယ်လိုမိန့်ခဲ့သလဲ ၁

၄။ သားသမီးယုံစုံလုံးကန်း ၂

၅။ ခဲလေသမျှ သဲရေကျ ၃

၆။ ချမ်းသာကြောင်းတရား ၄

၇။ လက်ဆင့်ကမ်းအဆုံးအမများ ၅

၈။ သံသရာတည်းစာမေးပွဲ ၇

၉။ မလွတ်သေးသော်မှ ၈

၁၀။ နိတိအဆုံးအမ ဒီလိုပြ ၉

၁၁။ ကြိုက်တဲ့အစာကိုရှောင်ပါ ၁၀

၁၂။ စိတ်အစာစားမမှားစေနဲ့ ၁၁

၁၃။ အရုပ်လေးမှမဟုတ်တာ ၁၃





၁၄။ ပြစ်မှားမိကခံကြရ ၁၅

၁၅။ အနန္တကျေးဇူးရှင်မို့ ၁၇

၁၆။ မိဘလိုချင်တာဘာလဲ ၁၉

၁၇။ ပွဲတင်သံ ၂၁

၁၈။ အဇာတသတ်လမ်းစဉ်ရှောင်ကာကြဉ် ၂၄

၁၉။ ခွင့်လွှတ်ပါတယ် ဒါပေမယ့် ၂၆

၂၀။ ဝစီဘေဒ ထိတိုင်းရှ ၂၈

၂၁။ ပြစ်မှားမိကံ ချက်ချင်းခံ ၃၂

၂၂။ နှောင်းကံအတိတ်က ထိတ်စရာ ၃၄

၂၃။ တစ်ရက်ဥပုသ် ကျိုးမယုတ် ၃၆

၂၄။ ကိုယ်ပြုတဲ့ကံ ကိုယ်သာခံ ၃၈

၂၅။ မေတ္တာရပ်ခံပါရစေ ၄၀

၂၆။ အခွင့်သာခိုက် ယူထားလိုက် ၄၂

၂၇။ မရှိမသေမျိုးယုတ်ချေ ၄၄

၂၈။ ဝေဖန်ခြင်းဟာ ဆင်ခြင်တုံတရားမဟုတ် ၄၆

၂၉။ ကျမ်းကိုး ၄၈


Generated by CamScanner from intsig.com

ဌြား ဒီစားမေးပွဲကို ဖြေဆိုရကောင်းမှန်းပင် မသိသူများ တွေ့ရတတ်ပါတယ်။

ဖြေဆိုပါလျက် ကျရှုံးသွားသောသူများနဲ့ ဖြေဆိုရကောင်းမှန်း မသိကြသူတို့သည်ဟာ သုဂတိဘုံနဲ့ အဝေးကြီးဝေးပြီး "လိပ်ကန်း"ပမာ ဖြစ်သွားတတ်ပါ တယ်။

**အပါယ်ဇာတိက လွတ်ကင်းပြီး သုံးတန်သောချမ်းသာကို ခံစားချင်သူဟာ** ဗုဒ္ဓအဆုံးအမများကို လိုက်နာကျင့်သုံး ရပါတယ်၊ (သဒ္ဓါ+သီလ+သုတ+စာဂ+ပညာ+ဟီရိ+ဩတ္တပ္ပ)ဆိုတဲ့ သူတော်ကောင်းဥစ္စတွေ မမေ့သင့်ပါဘူး၊ ချမ်းသာသုခကို ခံစားချင်သူဟာ မှန်ကန်တဲ့ အသိအမြင်ရှိရပါမယ်။

**အကျိုးတရားတွေကိုသာပွားနေပြီး အကြောင်းတရားကို တည့်အောင်မလုပ်သူအဖို့** ချမ်းသာသုခနဲ့ အဝေးကြီးဝေးနေဦးမှာပါ။

အိုစာရှုသူ

ဘယ်ဘာသာ ဘယ်လူမျိုးဟု မသုံးဘဲ ဓမ္မဓိဋ္ဌာန်သက်ဆက်ပြောရရင် **ကောင်းကျိုးခံစားချင်သူတိုင်း** -

(က) ပါဏာတိပါတ = သူ့အသက်သတ်ခြင်း

(ခ) အဒိန္နာဒါနာ = သူတစ်ပါးမပေးသော ဥစ္စာခိုးခြင်း

(ဂ) ကာမေသုမိစ္ဆာစာရ = ရှောင်ရှားအပ်သည်၌ မှားယွင်းခြင်းဟူသော **ကာယဒုစရိုက်သုံးပါး**



(ဃ) မုသာဝါဒ = သူတစ်ပါး အကျိုးယုတ်အောင် လိမ်လည်ခြင်း

(င) ပိသုဏာဝါစာ = ကုန်းတိုက်စကားပြောဆိုခြင်း၊

(စ) ဖရုသဝါစာ = အနှစ်မရှိ သိမ်ဖျင်းစကားပြောဆိုခြင်း ဟူသော **ဝစီဒုစရိုက်လေးပါး**

(ဆ) အဘိဇ္ဈာ = ရှေ့ရှုကြံစည်ခြင်း (တစ်ပါးသူ၏ပစ္စည်းကို)

(ဇ) ဗျာပါဒ = ပူပန်ခြင်း (ကြောင့်ကျ)

(ဉ) မိစ္ဆာဒိဋ္ဌိ = အယူမှားခြင်း ဟူသော **မနောဒုစရိုက်သုံးပါး**

အပေါင်းအားဖြင့် ဆယ်ပါးသော ဒုစရိုက်တရားတွေကို မလွန်ကျူးမိအောင် ကံသုံးပါးကို ဒါန သီလ ဘာဝနာမှုတွေနဲ့ စောင့်ထိန်းရပါမယ်။

အမှတ်မဲ့မနေစေလိုပါ၊ လူဖြစ်ကျိုးနပ်ဖို့လိုလှပါတယ်။ စာရေးသူအနေနဲ့ ဤစာအုပ်ငယ်အား ဖတ်ရှုရသူတိုင်း အတိုင်းအတာတစ်ခုအနေအားဖြင့် တစ်စုံတစ်ခု သော အသိတရားများ ပွားများလျက် ဆင်းရဲချမ်းသာ နှစ်ဖြာသော လောကဓံတရားတို့ကို တရားသဘောနဲ့ ကျော်လွှားနိုင်စေရန် ရည်ရွယ်ပြီး ရေးသားတင်ပြခြင်းဖြစ်ပါတယ်၊ စာရှုသူအပေါင်း အသိတရားများ တိုးပွားသည့်ပမာ လိုက်နာကျင့်သုံးနိုင်စေကြောင်း ဆုမွန်တောင်းလျက်

**ဓမ္မဝေပုလ္လ အရှင်သုန္ဒရ**

Generated by CamScanner from intsig.com

မတွေဝေဘဲ ပြောဆိုခြင်းကို အသမ္မောဟသမ္ပဇဉ် ခေါ်ပါတယ်။

ဒီသမ္ပဇဉ်လေးပါးကို လက်ခံထားကျင့်သုံးသူဟာ မုချအကျိုးရှိမှာပါပဲ၊ ဒီအဆုံးအမတွေဟာ ဗုဒ္ဓကိုယ်တော်တိုင်ဆုံးမခဲ့တဲ့ ဗုဒ္ဓဝစနာ ဘုရားအဆုံးအမစကားတွေမို့ လိုက်နာကျင့်သုံးရမှာပါ၊ အရေးကြီးတဲ့တစ်ချက်လည်း ရှိပါတယ်၊ အခါကောင်းအခွင့်ကောင်း ကြုံတုန်းအခိုက်မှာ မိမိကိုယ်မိမိ သနားသောအားဖြင့် ဘဝနောင်ရေးမျှော်တွေးပြီး သရဏဂုဏ်သုံးပါးနဲ့ ပဉ္စသီလကို လုံအောင်စောင့်ထိန်းလျက်–

ဟုတ်သောအကြံ
မှန်သောအကျင့်
သင့်သောအယူ
ဖြူသောနှလုံး
သူတော်ထုံးကို စွဲသုံးစေလိုပါတယ်၊
ဘဝနောင်ရေး ကောင်းစေကြောင်းပေါ့။

– ဓမ္မဝေပုလ္လ အရှင်သုန္ဒရ



နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## မီးမောင်းထိုးပြခြင်း

ဝေမဟီ× ဖြေမဆည်နိုင်သည်× ခမည်းတော်ဘုရားရဲ့ အပေါ်× အထင်တော်မမှားသင့်သည်×× မင့်အပေါ် အကြင်နာထားသမျှတွေ ပိုပါသည်××× စတဲ့ မိဘမေတ္တာကြီးမားပုံကို ဖော်ကျူးထားတဲ့ မိဘမေတ္တာဘွဲ့သီချင်းလေးကို စာရေးသူကြားနေရပါတယ်။

ဒီသီချင်းသံကြားရတော့ စာရေးသူရင်ထဲ တစ်မျိုးခံစားမိကာ ဗုဒ္ဓအဆုံးအမများနဲ့ ဆရာသမား အဆုံးအမများကို ပြန်ပြောင်းသတိရရင်း မိဘမေတ္တာပုံရိပ်များအား စာရှုသူတို့ထံ ပြန်လည်၍ မီးမောင်းထိုးပြလိုက်ပါတယ်။

## ဗုဒ္ဓဘယ်လိုမိန့်ခဲ့သလဲ

ဗုဒ္ဓက ငါဘုရားရှင်အား မပူဇော်မဆည်းကပ်လျှင်ကုသိုလ်မရတာဘဲ ရှိမယ်၊ အပြစ်မဖြစ်ဘူး၊ ကျေးဇူးကြီးမားမိဘနှစ်ပါးကို မပြုစုမစောင့်ရှောက်ရင် ပစ္စုပ္ပန်သံသရာအကျိုးယုတ်မယ်တဲ့။

အို… စာရှုသူ ဒီနေရာမှာ "မဟာသာလ"ပုဏ္ဏားကြီးအကြောင်းကို ပြန်သတိရကြည့်ပါ၊ အဖြေပေါ်လာပါလိမ့်မယ်။

Generated by CamScanner from intsig.com

ပုဏ္ဏားကြီးမှာ သားလေးယောက်ရှိတယ်။ ပုဏ္ဏေးမကြီးမရှိတဲ့နောက် ပုဏ္ဏားကြီးမှာရှိတဲ့ အသပြာရှစ်သိန်းထဲက တစ်ယောက်တစ်သိန်းစီ ခွဲပေးလိုက်တာကြောင့် ပုဏ္ဏားကြီးထံမှာ အသပြာလေးသိန်းပဲကျန်ပါတယ်။

ဒီအသပြာလေးသိန်းနဲ့ တို့ဖခင်ကြီး လူ့ပုံအလယ်မှာ တင့်တင့်တယ်တယ်နေပါစေဆိုတဲ့အသိ၊ သားလေးယောက်မှာ မရှိယုံမက လိုချင်ကြပြန်တယ်၊ ပုထုဇဉ်တို့ရဲ့ လောဘဇော ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ ဒါနဲ့ပဲ ညီအစ်ကိုလေးယောက် တိုင်ပင်ပြီး ဖခင်ကြီးထံကျန်တဲ့ အသပြာလေးသိန်းကို ချော့မော့တီတာပြီး တောင်းကြပြန်တယ်။

## သားသမီးယုံ စုံလုံးကန်း

သားသမီးချော့ရင် မိဘများ ပျော့မြဲဓမ္မတာမို့ သားလေးယောက်ရဲ့ဆန္ဒကို လိုက်လျောပြီး တစ်သိန်းစီပေးလိုက်တာ ဖခင်ပုဏ္ဏားကြီးမှာ အသပြာ မကျန်တော့ပါဘူး။

ပုဏ္ဏားကြီးအတွေးမှာတော့ ငါ့မှာ သားလေးယောက်ထောက်ထောက်မားမားရှိနေသားပဲ ဘာပူစရာလိုလဲ ဘဝနေရေး စိတ်အေးရတာပဲလို့ တွေးထင်ထားတယ်၊ သားတွေကို ယုံစားလိုက်တယ်။ လက်တွေ့မှာတော့ အထင်နဲ့အမြင်ပါစင်အောင်လွဲပြီး "ကျွန်ယုံတော့ တစ်ဖက်ကန်း၊ သားသမီးယုံ စုံလုံးကန်း"ဆိုတဲ့ ဆိုရိုးစကားလိုပေါ့။

သားလေးယောက်ဟာ သူတို့လိုချင်တာလည်းရရော



ဖခင်ကြီးကို ခဏပဲကျွေးချင်ကြတယ်၊ ကြာတော့ စိတ်မဝင်စားတော့ဘူး၊ နောက်တော့ မယားတွေစကားနားဝင်ပြီး ဖခင်ကြီးကိုပစ်ထားကြတယ်။

## ခဲလေသမျှ သဲရေကျ

သားလေးယောက်ဟာ ဖခင်ကြီးကို ပစ်ထားကြတယ်၊ အသိအမှတ်မပြုကြဘူး၊ ပုဏ္ဏားကြီး သားတွေအပေါ်ယုံကြည်စိတ်၊ အားကိုးစိတ်က တစ်နေ့ ဒီလိုဖြစ်လာမယ်၊ ငါ့သားတွေ ငါ့အပေါ် ဒီလောက်ရက်စက်မယ်ဆိုတဲ့ အတွေးတွေးလည်း မတွေးထားဘူး၊ ထင်လည်းမထင်ထားဘူးလေ။

ပုဏ္ဏားကြီးရဲ့ အတွေးပုံရိပ်တွေက ငါ့သားတွေကို ဒီငွေတွေပေးလိုက်ပြီးရင် သားလေးယောက်အိမ် ဘယ်အိမ်တက် စားစား ကြောင့်ကြစိုက်စရာမလိုဘူး၊ တစ်နေ့ တစ်အိမ်တက်စားရင်တောင် အဆင်ပြေတာပဲ။

အေးအေးချမ်းချမ်းနေလို့ရပြီး သားတွေရှိတာ ငါ့ဘဝအတွက် ဟန်ကျလိုက်တာ သားတွေ၊ မြေးတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေနိုင်ပြီပေါ့လို့ အားခဲတာပေါ့။

ပုဏ္ဏားကြီး အတွေးအထင်တွေဟာ သဲထဲရေသွန်တာလောက်တောင် အရာမထင်ခဲ့ပါဘူး၊ သားတွေက မပေးမကျွေးကြလို့ တောင်းစားရတဲ့ဘဝရောက်သွားပါတယ်။ ဘယ်လောက်ရင်နာစရာကောင်းသလဲနော်၊ နောက်တော့လည်း ဗုဒ္ဓရဲ့ အဆုံးအမကြောင့် အားလုံး လမ်းကြောင်းမှန်ပေါ်ရောက်

Generated by CamScanner from intsig.com

သွားကြပါတယ်၊ ဘုရားအဆုံးအမ ကြားနာရလို့သာပေါ့။ စာရေးသူ စာရှုသူတို့လည်း ဒီသာဓကကို နှလုံးမူပြီး မမှားမိအောင် စောင့်ရှောက်ရမှာပါ။

သိင်္ဂါလောဝါဒသုတ်လာ **ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေ့ခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊** ဆိုတဲ့ သားသမီးကျင့်ဝတ်တွေကိုလည်း ကျေပွန်အောင် ဆောင်ရွက်သင့်ပါတယ်။

## ချမ်းသာကြောင်းတရား

ဆောင်ရွက်အပ်သည်၌ ဆောင်ရွက်ရုံမက ရှောင်ကြဉ်အပ်သည်တို့ကိုလည်း ရှောင်ကြဉ်ရပါမယ်။

ဘုရားဟောကြားတဲ့ တရားတော်တွေမှာ လောကကြီးပွားကြောင်း ချမ်းသာကြောင်းတရားတွေ မြောက်မြားစွာဖြစ်ပါတယ်၊ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတော်တွေပင်နက်နဲလှပါတယ် ကြိုးစားလိုက်နာရမှာပါ။

မင်္ဂလသုတ်တော်မှာ ဘုရားရှင်က–

ပါပံ၊ မကောင်းမှုမှ။ **အာရတီစ၊** ဝေးစွာရှောင်ကြဉ်ရခြင်းလည်းကောင်း။ **ဝိရတီစ၊** အထူးသဖြင့် ရှောင်ကြဉ်ရခြင်းလည်းကောင်း။ **မဇ္ဇပါနာ၊** သေရည်သေရက် သောက်စားခြင်းမှ။ **သံယမောစ၊** ကောင်းစွာရှောင်ကြဉ်ရခြင်းလည်းကောင်း။ **ဓမ္မေသု၊** ကုသိုလ်တရားတို့၌။ **အပ္ပမာဒေါစ၊** မမေ့မလျော့ရခြင်းလည်းကောင်း စသည်ဖြင့် ကြီးပွားချမ်းသာကြောင်းနဲ့



အပါယ်လွတ်ကြောင်းတရားတွေကို ဆုံးမတော်မူထားပါတယ်။ မိမိဘဝ မြင့်မားတိုးတက်ဖို့အတွက် မိမိသန္တာန်မှာ–

(၁) မဖြစ်မပေါ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်ပေါ်လာအောင်၊

(၂) ဖြစ်ပေါ်ပြီးတဲ့ ကုသိုလ်တရားတွေ တိုးပွားအောင်၊

(၃) မဖြစ်ပေါ်သေးတဲ့ အကုသိုလ်တရားတွေဖြစ်ပေါ်မလာအောင်၊

(၄) ဖြစ်ပေါ်ပြီးတဲ့ အကုသိုလ်တရားတွေ မတိုးပွားအောင် မိမိစိတ်ကို ထိန်းကျောင်းရပါမယ်။

## လက်ဆင့်ကမ်း အဆုံးအမများ

ဗုဒ္ဓရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အဆုံးအမများကို ရှေ့ဆရာတော်ကြီးများ အစဉ်အဆက် လက်ကမ်းလာလို့သာ စာရေးသူတို့ သိနားလည်ခွင့်ရခဲ့တာပါ။

မိုးကုတ်ဆရာတော်ကြီးရဲ့ အဆုံးအမတစ်ခုကို သတိရမိတယ်။

**"ခင်ဗျားတို့တွေ သားရေးသမီးရေး မော်ရေးကြွားရေးတွေအတွက် လူ့အောက်မကျအောင် လူ့အောက်မကျအောင်ဆိုပြီး ကြိုးစားရင်းနဲ့ ဒယ်အိုးအောက်အထိ ကျသွားမယ်"**တဲ့။

အို... စာရှုသူ ဒယ်အိုးအောက်ကျသွားတဲ့ သတ္တဝါဟာ တစ်ဖန်ပြန်တက်ဖို့ ခဲယဉ်းလှတာမို့ ကျွန်ုပ်တို့ သတိထားသင့်ပါတယ်၊ လက်ရှိရထားတဲ့ဘဝကို တန်ဖိုးထားရမယ်။

Generated by CamScanner from intsig.com

အို ဘယ့်တန်ဖိုး

ဩော်... တန်ဖိုးဆိုလို့ ပြောရဦးမယ်–

လူ့ဘဝရဲ့တန်ဖိုးဟာ ကိုယ်ကျင့်တရားပါပဲ၊ သီတဂူဆရာတော်ကြီးက မိန့်တယ်။ "ဘဝရဲ့တန်ဖိုးမည်သော အနှစ်တစ်ပါးဖြစ်တဲ့ သီလကိုရအောင်ယူ လုံအောင်ထိန်းပါ"တဲ့၊ ကိုယ်အမှန်တကယ် ကျင့်တဲ့တရားဟာ ဘယ်လိုတရားမျိုးကျင့်ပါသလဲ။

သမ္မာသက်ပွ ဖြစ်ဖို့လိုပါတယ်၊ မိစ္ဆာသက်ပွ အတွေးအခေါ်မှားတဲ့ ပုဂ္ဂိုလ်တွေက အတွက်လွဲမှားပြီး သီလတို့ ကိုယ်ကျင့်တရားတို့ လာမပြောနဲ့ ဘာအရေးကြီးလို့လဲ လောလောဆယ် စားရဖို့ နေရဖို့ အရေးကြီးတယ်။

သူများမိုးခါးရေသောက် လိုက်သောက်ရုံပေါ့။

တိုးတက်ဖို့ အရေးကြီးတာပဲတဲ့။

တစ်ဘဝသမားများ ဖြစ်မှာပါ။

ဘုရားရှင်က "ဘဝရဲ့ အနှစ်သာရဟာ ကိုယ်ကျင့်တရား"လို့ ဟောတယ်။

သီတဂူဆရာတော်ကြီးကလည်း ထပ်ဆင့်ဟောတာရှိတယ်၊ ဘဝရဲ့တန်ဖိုးဟာ ဘာလဲဆိုတာ အသေအချာ ဟောထားတာမို့ နာကြားနိုင်ကြစေကြောင်း တိုက်တွန်းပါတယ်။ ဘဝရဲ့တန်ဖိုးကို သိနားလည်တာနဲ့အမျှ မိမိဘဝကို ပိုမိုတန်ဖိုးထား မြတ်နိုးလာမှာပါ။ တန်ဖိုးထားမြတ်နိုးလာရင် မိမိဘဝကောင်းသည့်ထက်ကောင်းအောင် ကြိုးစားကြမှာပါ။

ဘဝနောင်ရေးကောင်းဖို့အတွက် အတိတ်ကို ကြောင့်



ကြပူဆွေးခြင်း၊ အနာဂတ်ကိုမျှော်တွေးပူဆွေးခြင်းတို့ဖြင့် အချိန်မဖြုန်းဘဲ လက်ရှိပစ္စုပ္ပါန်အချိန်ကာလကို တန်ဖိုးရှိရှိ အသုံးချတတ်ဖို့ လိုပါတယ်။

ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ ဩဝါဒမှာ "လက်ရှိအချိန်ထက် ကောင်းသောအချိန်မရှိပါ" လက်ရှိအချိန်ကို နိဗ္ဗာန်ရောက်သည်အထိ အကျိုးရှိအောင် အသုံးချပါတဲ့။

မိမိဘဝရဲ့တန်ဖိုးကို မိမိကသာ မြှင့်တင်ပေးရမှာပါ။ မိမိဘဝတန်ဖိုးမြင့်မားချင်ရင် ဗုဒ္ဓအဆုံးအမကို လိုက်နာသောအားဖြင့် လူ့ဘဝရဲ့ အနှစ်သာရဖြစ်တဲ့ သီလတည်းဟူသော ကိုယ်ကျင့်တရားကို ကောင်းမွန်အောင် ကြိုးစားထိန်းသိမ်းကြပါရန် တိုက်တွန်းပါတယ်။

## သံသရာတည်း စာမေးပွဲ

စာရှုသူသတိပြုမိမည်ထင်ပါသည်၊ သတ္တဝါတို့သည် သုံးဆယ့်တစ်ဘုံနယ်အတွင်းမှာ လူဖြစ်လိုက် နတ် ဗြဟ္မာဖြစ်လိုက် အပါယ်လေးပါးကျလိုက်နှင့် သံသရာ ရေအလျဉ်ကြောမှာ မျောနေကြရပါတယ်။ တကယ့်အရေး တကယ့်ဘေးကို မတွေး မကြောက်ဘဲ သားရေးသမီးရေး မော်ရေးကြွားရေးတွေနဲ့ အချိန်ကုန်နေကြပါတယ်။

ဗုဒ္ဓအဆုံးအမများနှင့် ဆရာတော် သံဃာတော်များက နည်းပေးလမ်းပြ ဆုံးမနေကြစေငြား တချို့သူများသည် သံသ

ရာဘေးကိုမကြောက် တစ်ဘဝစာသာကြည့်ပြီး ထင်ရာစိုင်းတတ်ကြပါတယ်၊ စာရေးသူ ရှေ့နိဒါန်းစကား၌ ပြောခဲ့သလို ကျွန်ုပ်တို့ လူ့ဘဝကိုရောက်ရှိလာခြင်းသည် (၃၁)ဘုံမှာ အပါယ်ဘေးလွတ်ဖို့ အရိယာတန်းဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်းပါပဲ။

ဒီစာမေးပွဲ ကျရှုံးသွားလျှင် လိပ်ကန်းပမာဖြစ်ဦးမှာပါ။ အကန်းဘဝနဲ့ အချိန်မကုန်ဘဲ ဘုရားရှင်ပေးတဲ့ ဉာဏ်မျက်လုံးကို တန်ဖိုးရှိရှိ အသုံးချကာ ဝဲဂယက်ထဲက လွတ်အောင်ကူး မြောက်သောအားဖြင့် သံသရာလွတ်ကြောင်း စာမေးပွဲကို အောင်မြင်အောင် ကြိုးစားဖြေဆိုကြရန် တိုက်တွန်းပါတယ်။

## မလွတ်သေးသော်မှ

သံသရာဝဲဂယက်ထဲကလွတ်အောင် မကူးနိုင်သေး၍ သုံးဆယ်တစ်ဘုံနယ်အတွင်းက မလွတ်သေးသော်ငြား ဗရမ်းပတာဘေးမသင့်ဖို့ လိုပါတယ်၊ ဗရမ်းပတာဘေးဆိုတာ အပါယ်လေးပါးဘေးပါပဲ၊ ကျသွားမိရင် ကံကြွေးရှိသမျှ ခံရမှာမို့ မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထားဆိုတဲ့ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ အဆုံးအမအတိုင်း မိမိရဲ့စိတ်ကို စိစစ်ဆုံးမရပါမယ်။

စိတ်ယုတ်စိတ်ပုပ်တွေနဲ့ သူတစ်ပါးအပြစ်ကို မပြောမိအောင် သတိပြုရမယ်။



## နီတိအဆုံးအမ ဒီလိုပြ

လောကနီတိ ဗာလဒုဇ္ဇနကဏ္ဍမှာ တိလမတ္တံ ပရေသံဝ အပ္ပဒေါသဥပဿတိ နာဠိကေရမ္ပိသံဒေါသံ ခလဇာတော နပဿတိလို့ ပြပါတယ်။ (အဓိပ္ပာယ်က) ယုတ်မာသောသူဟာ သူတစ်ပါးရဲ့ နှမ်းစေ့မျှလောက်သာရှိတဲ့အပြစ်ကို မြင်ပြီး အုန်းသီးခန့်ပမာဏရှိတဲ့ မိမိရဲ့အပြစ်ကိုတော့ မမြင်ဘူးလို့ ညွှန်ပြဆုံးမထားပါတယ်၊ လောကမှာ စံအဖြစ်နဲ့ မဟုတ်ခဲ့ရင်တောင် လူတော်လူကောင်းအဖြစ်နဲ့ ဘဝခရီးကို လျှောက်လှမ်းပြီး ဆင်းရဲကင်းပျောက် ချမ်းသာရောက်လိုသူဟာ ကိုယ့်ရဲ့စိတ်ကူးလမ်းကြောင်းတွေကို စိစစ်ပေးရပါမယ်။

စိတ်ကူးလမ်းကြောင်းတွေ ညံ့နေမယ်၊ အစုန်လမ်းဘက်ကို ဦးတည်နေတယ်ဆိုရင် ရပ်ဖြစ်အောင်ရပ်ပါ၊ ကြိုးစားပြီးရပ်ပါ၊ မဖြစ်မနေရပ်ပါ၊ အန္တရာယ်များလို့ပါ။

ပုထုဇဉ်လူသားတို့ ပြုသမျှကိစ္စအဝဝမှာ ကုသိုလ်၊ အကုသိုလ်တစ်မျိုးမျိုးနဲ့ ဆက်နွယ်နေရာမှာ ကုသိုလ်ဖြစ်ဖို့သာ အဓိကပါပဲ။

ပုထုဇဉ်တို့ရဲ့စိတ်က မကောင်းမှုမှာသာ ပျော်မွေ့တတ်ပါတယ်၊ အင်မတန် ဆုံးမရခက်ပါတယ်၊ ထိုဆုံးမရခက်သော အစုန်လမ်း၌သာ ပျော်မွေ့လေ့ရှိသော စိတ်စေတနာကံကို သတိနဲ့စောင့်ကြည့်ပြီး ပညာနှင့်စိစစ်ပေးပါ။

ဒီလိုစောင့်ကြည့် စိစစ်ပေးနေရင် စေတနာ အမှားအမှန်ပေါ်လာပါလိမ့်မယ်၊ စေတနာအထားမှားနေတာကိုတွေ့

Generated by CamScanner from intsig.com

ရင် ထိုတွေ့တဲ့မြင်တဲ့အချိန်မှာ ပဲပြင်လိုက်ပါ၊ နောက်မကျသေး ပါဘူး၊ အမှားမြင်လို့ အမှန်ပြင်တာဟာ ပညာရှိသူတော် ကောင်းအလုပ်ပါ၊ အမှားကို အမှန်သို့မြင်ခြင်းဟာ အကျိုး မယုတ်စေရုံမက ကောင်းမြတ်တဲ့ အကျိုးတွေရရှိမှာ သေချာ ပါတယ်။

## ကြိုက်တဲ့အစာကိုရှောင်ပါ

ယနေ့ခေတ်လူသားတို့ တွေ့ကြုံခံစားနေရတဲ့ ရောဂါ ဝေဒနာတွေက များပြားဆန်းကြယ်လှပါတယ်၊ ရှေးယခင်က တော့ အနာမျိုးကိုးဆယ့်ခြောက်ပါးလို့ ဆိုကြတယ်၊ ယနေ့ ခေတ်ကာလတွင် အနာရောဂါ ဘယ်နှစ်မျိုးရှိသည်ဟု စာရေး သူ မသိပါ၊ များပြားဆန်းကြယ်တာတော့ သေချာပါတယ်၊ လောကအမြင်အားဖြင့် ကမ္ဘာ့ကျန်းမာရေးစစ်တမ်း အဆိုအရ နှစ်ဆယ်ရာစုကာလလောက်က ကျန်းမာရေးကောင်းတဲ့ပုဂ္ဂိုလ် (၁၅)ရာခိုင်နှုန်း၊ နာတာရှည်သမားများ(၁၅)ရာခိုင်နှုန်း၊ မတ် တတ်နာသမားများ (၇၀)ရာခိုင်နှုန်းရှိတယ်။

နှစ်ဆယ့်တစ်ရာစုနောက်ပိုင်းမှာ ကျန်းမာရေးကောင်း တဲ့ပုဂ္ဂိုလ် (၅)ရာခိုင်နှုန်း၊ နာတာရှည်သမား (၂၀)ရာခိုင်နှုန်း၊ မတ်တတ်နာသမား (၇၅)ရာခိုင်နှုန်း ဖြစ်သွားတယ်၊ ကျန်းမာ ရေးအားနည်းလာကြတယ်။

ဘာကြောင့်ပါလဲ... ကျွန်ုပ်တို့စားသုံးရသော အာ ဟာရတို့ မှုမမှန်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ အားနည်းမှု၊ လူတစ်


ဦးချင်း၏ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့ ကံလမ်းကြောင်း တွေ ယိုယွင်းမှု၊ ရာသီဥတုတွေ ဖောက်ပြန်ပြောင်းလဲမှုတွေနဲ့ ဆိုင်ပါတယ်၊ လူသားတို့ ပြုပြင်စီရင်ထားသော အစာအာဟာ ရကပင် လူသားတို့အတွက် ဆိုးကျိုးတွေဖြစ်စေပါတယ်။

ကျွန်ုပ်တို့နှစ်သက်တဲ့အစာကို စားပြီး မနှစ်သက်တဲ့ ရောဂါဝေဒနာတွေ ဖြစ်လာရတာပါပဲ။

မိမိမနှစ်သက်သော မခံစားချင်သော ရောဂါဝေဒနာ များနဲ့ဝေးပြီး ဆိုးကျိုးတွေမခံစားရအောင် ကိုယ်ကြိုက်နှစ်သက် တဲ့ အန္တရာယ်ဖြစ်စေမယ့် အစားအစာများကိုရှောင်ရပါမယ်။ ကျန်းမာရေးရှုထောင့်မှာ ရှောင်ကြဉ်အပ်သည်ကို ရှောင်ကြဉ် အပ်သကဲ့သို့ပင် သံသရာရေးကိုလည်း မျှော်တွေးရပါမယ်။

## စိတ်အစာစားမမှားစေနဲ့

လောကအစာစားမမှားသင့်သကဲ့သို့ပင် စိတ်အစာစား လည်း မမှားသင့်ပါ၊ ပိုလို့ပင် အရေးကြီးလှပါတယ်၊ ပုထုဇဉ် လူသားတို့သဘာဝ စိတ်အစာစားမှားတတ်ပါတယ်၊ ဘယ်လို မှားတာပါလဲ။

ကောင်ပြီ သင့်စိတ်ကို မကွယ်မဝှက် ဖြောင့်စင်းစွာ ပြန်စစ်ကြည့်ပါ၊ သင့်စိတ်က အစုန်လမ်း၊ အဆန်လမ်း နိဗ္ဗာန် လမ်းဟူသော လမ်းသုံးလမ်းတို့တွင် အဘယ်လမ်းမှာ ပျော် မွေ့ပါသလဲ ဘယ်အလုပ်ကို ကြိုက်နှစ်သက်ပါသလဲ၊ အဆန် ပီတိကိုကြိုက်ပါသလား၊ အစုန်ပီတိကို ခုန်မင်နေပါသလား၊

သင့်စိတ်ကို စစ်ကြည့်ပါ၊ အဖြေပေါ်လာပါလိမ့်မယ်၊ အစုန် ပီတိနဲ့ ပျော်နေရင် စိတ်အစာစားများတယ်ခေါ်ပါတယ်။

တစ်ရက်မှာ (၂၄)နာရီရှိရာ အိပ်ချိန် (၆)နာရီခန့်ဖယ် လိုက်လျှင် (၁၈)နာရီ ကျန်ပါမယ်၊ ထို(၁၈)နာရီသော အချိန် ကာလတွင် အစုန်လမ်းအလုပ်နှင့် အဆန်လမ်းအလုပ် အဘယ်ကများပါသလဲ။

အိမ်ဦးခန်းမှာထားတဲ့ ဘုရားကျောင်းဆောင်ရှေ့ဝယ် တစ်နေ့ဘယ်နှစ်ကြိမ် ဝတ်တက်မိပါသလဲ၊ ဆင်ခြင်သင့်ပါ တယ်။

ည(၉/၁၀)နာရီလောက်မှာ ပုံမှန်ဘုရားဝတ်တက်ပါ ဆိုရင် ဝန်လေးကြ၊ ပျက်ကွက်ကြပေမယ့် TVတို့ VIDEO တို့ဆိုရင် အချိန်မရွေးကြည့်နိုင်ကြပါတယ်၊ ကိုရီးယားကားဆို ရင် လက်မလွှတ်ချင်ကြသကဲ့သို့ ဘောလုံးပွဲဆိုလျှင် ည (၁၂း/၁း)နာရီ ထကြည့်ကြပါတယ်၊ ဒါတွေကိုကြည့်ခြင်း ရဲ့နောက်ကွယ်မှာ ပါလာတာက အကုသိုလ်ဓာတ်ပါပဲ။

မင်းသားမင်းသမီးကြည့်ပြီး စိတ်နဲ့ပြစ်မှား ရာဂဖြစ် ဒေါသများ သောကပွား၊ ဘောလုံးပွဲကြည့်တော့ လောဘထား ဒေါသများ အစီစဉ်ပြီးတော့ ထိနမိဒ္ဓတရားဝင်မယ် ညဥ့်ရော နံနက် ဘုရားဝတ်မတက်ဖြစ်တော့ဘဲ ကုသိုလ်ဓာတ်တွေ အား နည်းလာပါတယ်၊ ကုသိုလ်ဓာတ်တွေ အားနည်လာတာနဲ့အမှု လုပ်ငန်းတွေလည်း အဆင်မပြေဖြစ်လာပါတော့တယ်၊ အဆင် မပြေမှုတွေ ကြုံလာရင် သူ့ကြောင့်ငါ့ကြောင့်နဲ့ "ကြောင့်" တတ်လွဲပြီး အဘိဇ္ဈာပွားနဲ့ ဆင်းရဲတွင်းကနက်ပြီးရင်း နက်နေ



တော့တာပေါ့၊ ဆင်းရဲတွင်းမနက်ရအောင် စိတ်အစာစား မများဖို့ အင်မတန် အရေးကြီးပါတယ်၊ ဖြစ်ပေါ်လာတဲ့ အာရုံ တွေအပေါ် အဆင်ပြေ အချိုးတည့်အောင်မနေဘဲ ဖြစ်ချင်တာ တွေကို ပုံဖော်ပြီး တောင့်တကြောင့်ကြတွေများနေမယ် အစုန် လမ်းအလုပ်တွေအပေါ်မှာ ပီတိစားနေရင် စိတ်အစာစားများ တယ်ခေါ်ပါတယ်။

လောကအာဟာရအစာစားများတာက တစ်ဘဝပဲ ခံရ မှာပါ၊ စိတ်အစာစားများရင် သံသရာတစ်လျှောက် ခံရမှာမို့ စိတ်အစာစားမများမိအောင် စောင့်ရှောက်ရပါမယ်။

## အရုပ်ကလေးမှမဟုတ်တာ

ကလေးဘဝမှာလေ မိဘက ဆင်ရုပ်၊ မြင်းရုပ် စတဲ့ အရုပ်ကလေးတွေဝယ်ပေးတဲ့အခါ သိပ်ပျော်ခဲ့တာပေါ့၊ ပျက်စီး သွားပြန်ရင်လည်း ငိုရပြန်ရော၊ ကိုယ်ရထားတဲ့ အရုပ်ကလေး ကို ကလေးအတွေးကလေးအမြင်နဲ့ တန်ဖိုးထားမြတ်နိုးလို့ပေါ့၊ အသစ်ပြန်ရပြန်တော့လည်း ကျေနပ်ရပြန်တယ်၊ ဒါက ကလေးဘဝကအဖြစ်ကို တွေးမိလို့ပြောတာနော်၊ ခု စာရေးသူ စာရှုသူတို့ဟာ ကလေးဘဝမဟုတ်လေတော့တာကို သတိမူ ပြီး အပျော်မလွယ်ဖို့ ဂရုထားရမယ်၊ ကျွန်ုပ်တို့ရထားတဲ့ လူ့ ဘဝဟာ ကစားစရာအရုပ်မှမဟုတ်တာ တန်ဖိုးထားသင့် တန်ဖိုးရှိရှိ အသုံးချတတ်ရမယ်၊ ရရှိထားတဲ့ ဘဝကလေး မပျက်စီး မဆုံးရှုံးအောင် စောင့်ထိန်းရမယ်၊ အမှတ်တမဲ့မနေ

Generated by CamScanner from intsig.com

ဘဲ ဘဝရဲ့နောက်ဆုံးအချိန်မှာ ပန်းဝင်ကောင်းဖို့ အရေးကြီးတယ်၊ သုံးဆယ့်တစ်ဘုံမှာ မခံစားဖူးတာ မရှိသလို မရောက်ဖူးတဲ့ ဘုံဌာနလည်း မရှိပါဘူး၊ ဘုရားအဆုံးအမမှာ သတ္တဝါတို့ အမြဲနေရာအိမ်ဟာ အပါယ်လေးဘုံပဲတဲ့။

"အရိယာတန်းဝင် မဟုတ်သေးရင်ပေါ့"

အပါယ်လေးပါးဟာ သတ္တဝါတို့ရဲ့ ကိုယ်ပိုင်အိမ်ပဲလို့ ပမာနှိုင်းဆုံးမခဲ့တယ်၊ ဒီကိုယ်ပိုင်အိမ်ကို အပြီးပိုင် ပယ်ဖျက်ပစ်ရမယ်၊ ကျေးဇူးရှင် ဝေဘူဆရာတော်ကြီးက ကရုဏာနဲ့ ဩဝါဒပေးထားတာရှိတယ်။

"နင်တို့တွေ ကုသိုလ်လုပ်ရတာ မပျင်းကြနဲ့ ကုသိုလ်ဆိုတာ ပျင်းလည်းလုပ်၊ ပျော်လည်းလုပ်ရတယ်။ ကုသိုလ်အရိပ်က ဘယ်သွားသွားပါလာတာပဲ အကုသိုလ်တော့ မလုပ် ကြနဲ့ ဖုံးလို့ပြုပြု ဖော်လို့ပြုပြု ပေါ်လာပါရော၊ ဒီတော့ ကုသိုလ် ကောင်းမှုဆိုရင် ကြိုက်ကြိုက် မကြိုက်ကြိုက်ပေသာလုပ်၊ အကုသိုလ်မကောင်းမှုမှန်သမျှ ကြိုက်ကြိုက်မကြိုက်ကြိုက် ပေသာရှောင်"လို့ ဆုံးမတယ် လက်ရှိရထားတဲ့ လူ့ဘဝဟာ အသုံးချတတ်ရင် ချတတ်သလောက် အကျိုးရှိပါတယ်။

အလွဲသုံးစားမလုပ်သင့်ပါဘူး၊ လူ့ဘဝဆိုတာ ငယ်ငယ်က လောကမျက်မြင်မိခင်ဖခင်တို့ ဝယ်ပေးထားတဲ့ ဆင်၊ မြင်း စတဲ့ ကစားစရာအရုပ်လေးမဟုတ်ဘူးလေ၊ ကုသိုလ်ကံတည်းဟူသော မိဘကပေးလို့ ရခဲ့တဲ့ လူ့ဘဝမို့ တန်ဖိုးထားမှတ် မြတ်နိုးတတ်ဖို့ သတိပေးအပ်ပါတယ်။



## ပြစ်မှားမိက ခံကြရ

ဘဝကို တန်ဖိုးထား မစောင့်ထိန်းရုံသာမက ပြစ်မှားမှုတွေရှိခဲ့ရင် သင့်အပြစ်သင်ဖြစ်ခံရုံပင် ဆိုတာမျိုးပါပဲ မုချမလွဲခံရမှာပါ။

မပြစ်မှားအပ်သူကို ပြစ်မှားမိရင် ထိုအကုသိုလ်ကံသည် ဖောအားလျော်စွာ အကျိုးပေးမှာပါ စေတနာကံသည် အကုသိုလ်ပထမဇော ဖြစ်ခဲ့လျှင် ယခုဘဝ၌ပင် လက်ငင်းဒိဋ္ဌ အကျိုးပေးပါတယ်။

ကြာတော့ကြာခဲ့ပါပြီ ကြာဆို နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ခဲ့ပါပြီ၊ တစ်နေ့သော နံနက်မှာ တောလိုက်မုဆိုးတစ်ယောက် ယူနေကျ မုဆိုးအသုံးအဆောင်များကိုင်ဆောင်ကာ နောက်တော်ပါမြဲ တောလိုက်ခွေးတွေခြံရံပြီး တောလိုက်ထွက်ခဲ့ပါတယ်၊ တောလမ်းတစ်နေရာအရောက်မှာ တစ်လှမ်းချင်းလျှောက်လှမ်းကာ ဆွမ်းခံကြွလာတဲ့ မထေရ်မြတ်တစ်ပါးကို တွေ့မြင်တယ်ဆိုရင်ပဲ မုဆိုးရင်ထဲ လှုပ်ခတ်သွားပါတယ်၊ ကြည်ညိုသဒ္ဓါစိတ်တော့ မဟုတ်ပါဘူး သိမ်မွေ့တဲ့ဒေါသပေါ့၊ စိတ်ထဲမှာထင်မှတ်လိုက်ပုံက ဒီနေ့ နိမိတ်မကောင်းဘူး၊ လုပ်ကိုင်မစားဘဲ သူတစ်ပါးအိမ်မှာ အိုးနားတိုခွက်မဲလက်ဆွဲပြီး မျက်နှာမွဲနဲ့ တောင်းစားနေတဲ့ သူယုတ်မာကို မြင်ရတယ်။

တစ်စုံတရာမျှရမယ်မထင်လို့ မှတ်ယူပြီး နှလုံးမသာမယာနဲ့ ခရီးဆက်ခဲ့တယ်။၏

အတော်လာတဲ့ မုဆိုးပါပဲ သူကပဲ မထေရ်မြတ်ကို

Generated by CamScanner from intsig.com

သူယုတ်မာတဲ့ ဒီကြားထဲ မှတ်ချက်ပေးလိုက်တာများ အိုနားတို (...)တောင်းစားတာတဲ့ ရစရာတောင် မရှိဘူး၊ မထေရ်မြတ်ကတော့ ဒီအဖြစ်ကို သတိမပြုမိလိုက်ပါ၊ ဆွမ်းခံကြွလို့သာ သွားပါတယ်။

ဆွမ်းခံခြင်းကိစ္စပြီးလို့ မထေရ်မြတ်ကျောင်းတော်သို့ ပြန်လည်ကြွမြန်းလာပါပြီ တိုက်ဆိုင်ချင်တော့ ဘာသားကောင်မျှ မရဘဲ စိတ်လက်မသာမယာ ပြန်လာတဲ့ မုဆိုးနဲ့ တောလမ်းခရီးမှာ ဆုံကြပြန်တာပေါ့။

မုဆိုးရဲ့ ဒေါသယမ်းအိုးပေါက်ကွဲပါပြီ၊ မနက်ကလည်း ဒီသူယုတ်မာနဲ့တွေ့လို့ ဘာသားကောင်မျှမရခဲ့ အခုလည်း ဆုံပြန်ပြီ တွေ့ကြရောပေါ့ဆိုပြီး ခွေးများနဲ့ ကိုက်သတ်ပါရော။

မထေရ်မြတ်က တောင်းပန်သော်လည်း မရပါဘူး။ တောင်းပန်လို့မရတဲ့အတွက် မထေရ်မြတ်လည်း သစ်ပင်ပေါ်တက်ကာ အန္တရာယ်ကိုရှောင်ရရှာပါတယ်၊ သီလသိက္ခာပုဒ်ကို ထိန်းသိမ်းရတာကြောင့် အတိုင်းအတာတစ်ခုထက် ပိုမတက်ပါဘူး၊ မထေရ်မြတ်ရဲ့ သီလသိက္ခာ လေးစားပုံဟာ အသက်နဲ့လဲလို့ပါပဲ ခွေးတွေဟာ ထွက်ခွာသွားခြင်းမရှိဘဲ အစွယ်တွေ တဖွေးဖွေးနဲ့ ပြန်ဆင်းတာနဲ့ ကိုက်ဖို့အသင့်စောင့်နေလျက်ပါ၊ ခွေးများအန္တရာယ်ကင်းသွားပေမယ့် မုဆိုးရဲ့မိုက်ချက်က ကမ်းကုန်ပြနေပါတယ်၊ မထေရ်မြတ်ရောက်ရှိနေတာက လူတစ်ရပ်သာသာခန့်မို့ မုဆိုးဟာ ဒေါသတွေတစ်လျှောက်ကြီးနဲ့ မထေရ်ရဲ့ခြေထောက်ကို မြားနဲ့ထိုးတော့တာပေါ့၊ မထေရ်ခမျာ နာလွန်းလို့ ခြေထောက်မှာသွေးသံတရဲရဲနဲ့ တောင်းပန်



နေပါတယ်၊ မုဆိုးကတော့ဆက်လို့သာ မိုက်မှားလျက်ပါပဲ။

မထေရ်မြတ်ဟာ နာလွန်းလို့ သင်္ကန်းတောင်မထိန်းနိုင်ပဲ ကိုယ်ရုံသင်္ကန်း ကွာကျတော့တာပေါ့၊ မုဆိုးဟာ ကိုယ်ပြုတဲ့ကံ ကိုယ့်ပြန်စီမံတာခံရတော့တာပေါ့။

ကြည့်လေ ရဟန်းဆီက ပြုတ်ကျလာတဲ့သင်္ကန်းက မုဆိုးကိုယ်ပေါ်လွှမ်းခြုံကျလိုက် ခွေးတွေက ရဟန်းကျလာတယ်ထင်ပြီး ဝိုင်းကိုက်ကြလို့ မရှုမလှသေရရှာပါတယ်။

ခွေးမုဆိုးကို နမူနာယူပြီး မပြစ်မှားအပ်သည်ကို မပြစ်မှားမိအောင် သတိပြုကြပါလေ ပြစ်မှားမိရင်ဖြင့်...

## အနန္တကျေးဇူးရှင်မို့

လောကဥ္စ ဘုရားရှင်သည် သတ္တဝါအားလုံးအပေါ် ကရုဏာတော်ဓာတ် မေတ္တာဓာတ်ကြီးမားပုံကို ညွှန်ပြဖို့ အထူးလိုမည်မဟုတ်ပါ။

သတ္တဝါအားလုံးအပေါ် မေတ္တာတော်ဓာတ်တစ်သားတည်းပါ၊ ဒုတိယနေရာမှာတော့ မိဘကို ထားရမှာပါ၊ မိဘမည်သည် သတ္တဝါအားလုံးအပေါ် မေတ္တာဓာတ် တပြေးညီမပေးစွမ်းနိုင်ပေမယ့် သားသမီးနဲ့ပတ်သက်လာရင် မေတ္တာရယ်က အနန္တပါပဲ၊ ကျေးဇူးတော်ရှင် ပိုင်းလော့ဆရာတော်ရဲ့ အဆုံးအမမှာ **"သားသမီးအတွက်တော့ မိဘဟာ သက်ရှိဘုရားပဲ"**တဲ့။

ကိုယ့်ကို အမြဲတမ်း တန်ဖိုးထားစိတ်ဝင်စားတာ မိဘ၊

Generated by CamScanner from intsig.com

တိုးတက်ဖို့ စိတ်ညွတ်ထားတာမိဘ၊ အစားအသောက်ကလေးများ နည်းနေရင် မိဘက စိတ်မကောင်းဘူး၊ ဘာလေးများချက်ကျွေးရင်ကောင်းမလဲလို့ အားစိုက်နေတာ မိဘ၊ ကိုယ့်အပေါ် မပြတ်မလပ် စိတ်ဝင်စားတာမိဘပဲရှိတယ်၊ သားသမီးတွေကို အမိဝမ်းတိုက်ထဲမှာကတည်းက ပုံဖော်ပြီးချစ်နေတာ၊ TV ရိုက်ထားသလိုပဲ သတ္တိကိန်းနေတာ ကိုးလလွယ် ဆယ်လဖွားပြီးတော့လည်း မျက်နှာကြည့်ပြီးချစ်နေတာ ကြာတော့(ကသိုဏ်း)အောင်သလိုပေါ့၊ မျက်စိမှိတ်ထားတာတောင် သားသမီးမျက်နှာပေါ်နေတော့တာ ဗုဒ္ဓ (ကသိုဏ်း)သာ မအောင်ရှိရမယ် သားသမီး(ကသိုဏ်း)တော့ အောင်ပြီးသားပဲ။

သို့သော် ပုထုဇဉ်သဘာဝ တစ်ခါတစ်ရံ ကွာဟချက်ရှိတဲ့အခါ အော်ငေါက်မိတာမျိုးတော့ ရှိတာပေါ့၊ ဒါပေမယ့် အော်ရင်းငေါက်ရင်းနဲ့ပဲ စိတ်ဆိုးပြေပြီး နောက်ထပ်အစားထိုးဖြစ်ပေါ်တဲ့ သွေးသားကပြန်ချစ်သွားတာ ဒါကြောင့် မိဘရဲ့မေတ္တာ အရှိန်အဟုန်ဟာ ပြင်းလွန်းအားကြီးလို့ သားသမီးများအတွက်တော့ မိဘဟာ သက်ရှိဘုရားလို့ တင်စားပြောတာပေါ့။

ဒီတော့ မိဘကို ပြစ်မှားရင် ဘုရားရှင်ကို ပြစ်မှားသလိုပဲ တန်ပြန်အဆများတယ်၊ ပြစ်မှားမိတဲ့ပုဂ္ဂိုလ်ခံရမှာပဲ။

(ပိုင်းလော့ဆရာတော်၏ ဤအဆုံးအမများကို ၁၃၅၆ ခုနှစ် ဝါဆိုလဆန်း(၁၂)ရက် ကြာသပတေးနေ့ ခင်ပွန်းကြီး ဆယ်ပါးဟောစဉ်များထဲမှ ကောက်နုတ်ဖော်ပြထားပါသည်။)

အနန္တကျေးဇူးရှင်များအား မပြစ်မှားမိကြပါစေနှင့်။



## မိဘတို့ လိုချင်တာဘာလဲ

တချို့သားသမီးတို့ မိဘတို့ကို ပြုစုကြ၏၊ စောင့်ရှောက်ကြ၏၊ စိတ်ချမ်းသာမှုကိုပေးကြ၏၊ ခရောနောင်ပါ ချမ်းသာသုခကို ခံစားရပါ၏၊ သူတော်ကောင်းများ ချီးမွမ်းကြလျက် တမလွန်၌ နတ်ရွာသုဂတိသို့ ရောက်ကြရမည်သာတည်း။

အချို့ အခြေအနေမပေး၍ မပေးနိုင် မကျွေးနိုင်ကြ၊ ပေးကျွေးလိုသော စေတနာနဲ့ အသိတရားတော့ ရှိကြပါ၏။ သူတို့ဘာပြောကြပါလဲ ကိုယ့်မိဘပဲ ကျွေးချင်ပေးချင်တာပေါ့ ပေးနိုင်တဲ့တစ်နေ့ ပေးမှာကျွေးမှာပါတဲ့၊ ကောင်းပေပြီ ထိုတစ်နေ့က ဘယ်တော့နည်း ထိုတစ်နေ့အထိ မိဘတို့ သက်ရှိထင်ရှားရှိနေမှာလား အကြွေစောသွားလျှင် အဘယ်သို့ ရှိမည်နည်း သားသမီးများကို မိဘများစောင့်ရှောက်ခဲ့ချိန်က သားတို့သမီးတို့ပြောတဲ့ တစ်နေ့ဆိုတာ မပါဘူးနော် အတတ်နိုင်ဆုံးကြိုးစားပြီး စောင့်ရှောက်ခဲ့တာလေ၊ ဒီလိုပဲပေါ့ သားတို့ သမီးတို့လည်း လက်ရှိအနေအထားနဲ့ပဲ ကြိုးစားပြီး ပြုစုကျွေးမွေးကြပါ။

သားသမီးများအပေါ် မိဘတို့က အချိန်ပြည့်စိတ်ဝင်စားခဲ့သည့်ပမာ သားသမီးများက ပြန်လည်၍ စိတ်မဝင်စားခဲ့ရင်တောင် မိဘတို့အကြောင်းကို တစေ့တစောင်းလောက်ပြန် ကြည့်စေချင်တယ်၊ သားသမီးတို့ထံက မိဘများ တကယ်လိုချင်တာ ဘာလဲ အစားအသောက်လား၊ အဝတ်အထည်

လား၊ လောကီဇိမ်ခံပစ္စည်းတွေလား အို ဒါတွေမဟုတ်ပါ ဒါတွေမဟုတ်လျှင် ဘာတွေလဲ။

မိဘတို့တကယ်လိုချင်တာက သားသမီးတို့ရဲ့ ချစ်ခင်လေးစားမှု၊ ပြုစုယုယမှု၊ ကူညီဖေးမမှု၊ သူတော်ကောင်းအဖြစ်နဲ့ သားကောင်းသမီးကောင်း ရတနာအမွေခံထိုက်မှုတွေပါ။ မိဘများ အပြုစုခံဘဝရောက်ချိန်မှာ ''အပ''ပစ္စည်းတွေ တစ်စိုးတစ်စေ့မျှ မရရင်နေပါစေ။

အနားမှာသားရှိပါတယ် ဘာလုပ်ပေးရမလဲ သမီးရှိပါတယ် ပြုစုပါရစေဆိုတဲ့ အသံလေးတွေနဲ့အတူ ညီညီညွတ်ညွတ်နဲ့ ယုယပေးမှုကို ရယူခံစားချင်ကြတာပါ၊ မိဘများလိုချင်တာ ဒီအချက်ပါပဲ သူတို့အတွက် သီတာရေပါပဲ ဒီပီတိကို စားတာပါ၊ စာရှုသူတို့ ဒီအချက်ကိုသိရင် မိဘဆန္ဒကို အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ဖို့ တိုက်တွန်းပါတယ်၊ ဒါမှမက ငါးရာ့ငါးဆယ်နိပါတ်တော်လာ အဇာတသတ်ဇာတ်မျိုးမခင်းမိအောင် သတိဆောင်ရမယ်၊ ခေတ်သစ်အဇာတသတ်များ မဖြစ်ကြစေလိုပါ။

အနန္တကျေးဇူးရှင် ဗုဒ္ဓကိုယ်ခေတ်တိုင် ဟောကြားအပ်သော အဆုံးအမတရားတော်များကို လိုက်နာကျင့်သုံးပြီး မိဘတို့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ကြပါစေ။



## နောင်ရေး
## ပဲ့တင်သံ

ကိုယ်ပြုတဲ့ကံပဲ့တင်သံ ကိုယ့်ထံပြန်လာမည်ဆိုတဲ့ လောကအဆုံးအမလေးကို နမူနာယူကာ စာရေးသူကိုယ်တိုင်ကြားသိခွင့်ရခဲ့တဲ့ အကြောင်းကလေးတစ်ခုကို ပြောပြချင်ပါတယ်၊ ဓမ္မမိတ်ဆွေတစ်ဦးရဲ့ ရင်တွင်းခံစားချက်ဆိုလည်း မှန်ပါတယ် ဒီဇာတ်လမ်းမှာပါဝင်ကြတဲ့ ဇာတ်ကောင်များကို မီးမောင်းထိုးရရင်...

သူ့အမည်က ကိုထွေး အိမ်မှာအထွေးဆုံးမို့ ဒီအမည်တွင်ခဲ့တာပါ၊ မွေးချင်းအားဖြင့် အစ်ကိုတစ်ယောက် အစ်မတစ်ယောက် ကိုထွေးအပါအဝင် သုံးယောက်။

ဖခင်က လူ့လောကို မျက်ကွယ်ပြုကာ တမလွန်ခရီးနှင်လေပြီမို့ အိမ်မှုတာဝန် မိသားစုတာဝန်ကို မြတ်မာတာမအေတစ်ဦးတည်းက ကိုထွေးတို့မောင်နှမသုံးယောက်ကို လူပုံအလယ် တင့်တယ်စွာနေရဖို့ သောကတွေ တစ်ပွေ့တစ်ပိုက်နဲ့ ကြုံလာတဲ့လောကဓံကို ကြံ့ကြံ့ခံကြိုးစားခဲ့ရရှာပါတယ်။

ရာသီစက်ဝန်းအလီလီ ပြောင်းခဲ့ပြီမို့ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်မြတ်မာတာမှာ အသက်အရွယ်ကကြီးလာ၊ ကျန်းမာရေးကမကောင်းနဲ့ အိပ်ရာထဲလဲလျောင်းနေတဲ့ အခြေအနေမှာ သမီးလတ်မိသားစုက သူတို့အိမ်ကိုရောင်း၊ မအေ့အိမ်ပေါ်လာပေါင်းတော့ အမေကျေနပ်တယ်။ သမီးနဲ့နီးရပြီမို့ပေါ့၊ သားကြီးက သူ့လုပ်စာသူမလောက် ပိုဆိုးသည်က သောက်လည်းသောက်စား လောင်းကစားမို့ ချဲဆိုတာ သူ့အဖော် ဖဲဆိုရင်

ပျော် မိခင်အပေါ် စိတ်မဝင်စား အပေါင်းအသင်းများနဲ့ အချိန်ကုန် နောင်ရေးကို မစဉ်းစား အစ်ကိုကြီးမို့ အဖအရာလည်း အားမကိုးရ မွေးမိခင်လူမမာအတွက် ငယ်သောကသားကြီးသော်အားမဖြစ်ခဲ့ပါ၊ သမီးလတ်အိမ်ပေါ်ရောက်လို့ ငယ်သော်ကသမီးကြီးသော်ထီးဖြစ်လေမလား မွေးမာတာ ထီးရိပ်ခိုရတော့မည်ပေါ့။

ဒါက ကိုထွေးအတွေးကိုတွေးအထင် လက်တွေ့ကြတော့ မွေးမိခင်ရင်ထဲ ဘယ်လိုနေသည်မသိ ကိုထွေးရင်ထဲမှာတော့ မချိ၊ ကြည့်လေ ခင်ပွန်းသည်နှင့်သားသမီးများအတွက်ကြက်ဆိုရင် အသည်းအသား၊ အမေ့အတွက်တော့ တောင်ပံဖျား ကိုထွေးရင်ထဲ ကြိတ်လို့ခံစားမိပေမယ့် ဘာတတ်နိုင်ပါမလဲ နံနက်နဲ့ည သူ့မိသားစု အချိုပွဲနဲ့တော့ အမေ့ကိုများကျွေးလေမလားလို့ ကိုထွေးမျှော်လင့်မိတယ်။

မွေးမာတာထံ တစ်စက်မရောက်ပါ၊ အစ်မရဲ့ မသိတတ်ပုံကို ကိုထွေးကြိတ်လို့သာ ခံစားမိရပြန်တယ်၊ ဒါကို အမေ မြင်တော့ စိတ်ကိုထိန်းပါသား နေပါစေကွယ်၊ ဒါတွေ အမေ မလိုပါဘူးတဲ့။ ဒါက မိခင်မေတ္တာနဲ့ယှဉ်တဲ့ အမေ့စကားပါ။

တစ်နေ့ ထိုတစ်နေ့က အမေသိပ်မေတ္တာထားတဲ့ ကိုထွေးတို့မောင်နှမတစ်စုကို နောက်ဆုံးလမ်းခွဲသွားတော့မယ့် နေပေါ့။

သား ဒီနေ့ အလုပ်မသွားပါနဲ့ အမေပိုလို့နေမကောင်းဘူး ပြောလို့ အလုပ်မသွားဖြစ်ကြပါ၊ ထိုနေ့ အစ်ကိုကြီးလည်း



အလုပ်မသွားပေမယ့် အမေ့အပါးမှာ အစ်ကိုကြီးမရှိ၊ ကိုထွေးလည်း အလုပ်ဖျက်ခဲ့ရပါတယ်။ အလုပ်ပျက်ခဲ့ပေမယ့် ကိုထွေးအတွက် အမေ့ထက် အရေးကြီးတာ ဘာတစ်ခုမှမရှိပါ။ အမေသည်သာ ကိုထွေးကမ္ဘာ၊ အစ်မလတ်က မိခင်အတွက်မဟုတ်သော သူ့အိမ်မှုကိစ္စအကြောင်းပြကာ တစ်ခါတစ်ချက် လာကြည့်ရုံမျှအပ လုံးဝလုံးဝ ဖေးကူဖော်မရမို့ ယူကြုံးမရဖြစ်ရင်းကြိတ်လို့မျက်ရည်ကျရသူကကိုထွေး၊ မွေးမာတာရဲ့ နေဝင်ချိန်အထိ ကိုထွေးဝတ္တရားကျေခဲ့တယ် ရွှေတောင်ကြီးပြိုကျပြီ။

အစ်ကို့ကိုပြေးခေါ်တော့မူးနေဆဲ၊ အမေ့အလောင်းဘေးမှာထိုင်ပြီး ငိုကြတဲ့ အစ်ကိုနဲ့အစ်မကိုမြင်တော့ ကိုထွေးပြောချင်လိုက်တဲ့စကားများ၊ **"ငရဲမကြီးအောင် စိတ်ကိုထိန်းပါသားရယ် ကိုယ်ကအငယ်မဟုတ်လား"**ဆိုတဲ့ မိခင်စကား ကြားယောင်မိလို့သာပေါ့ လူ့လောကအလယ်မှာလောကီကြွေးက မဆပ်လို့ရချင်ရမယ်၊ ဝဋ်ကြွေးကတော့ရှောင်လို့မရပါ၊ ဒီမှာကြည့်လေ အစ်ကိုကြီးက ဆက်လို့မှား၊ အမူးသမားဘဝနဲ့ လူသူကင်းဝေး တစ်နယ်တစ်ကျေးမှာတစ်ဦးတည်းနေရတဲ့ဘဝမှာ ကူသူကင်းမဲ့စွာနဲ့ နိဂုံးသတ်သွားခဲ့ပါတယ်။

အစ်မလတ်ကြည့်ပါဦး တစ်ချိန်က သာယာခဲ့တဲ့ သူ့ဘဝ မိခင်ကြီးအပေါ် စေတနာတွေ အကြင်နာတွေနည်းပါးမှုကို အမေက အမေမို့ခွင့်လွှတ်သော်ငြား ကြမ္မာဝဋ်ကြွေးကခွင့်မလွှတ်ပါချေ၊ ခင်ပွန်းသည်နဲ့ သားသမီးအကြီးများရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြလို့ လူမမယ်ကလေးများနဲ့

Generated by CamScanner from intsig.com

လောကအလယ်မှာ သောကသူဌေးမလေးဘဝ ရောက်ခဲ့ပါတယ်။

မိခင်အပေါ် ကျေးဇူးသိတတ်စွာ ပြုစုစောင့်ရှောက်ခဲ့တဲ့ ကိုထွေး ကျေးဇူးသခင် မွေးမိခင်အား စိတ်ချမ်းမြေ့မှုပေးခဲ့တဲ့ ကိုထွေး ယခု သူ့မိသားစုအလယ်မှာ အရှိသေခံဘဝနဲ့ စိတ်ချမ်းမြေ့စွာ တရားဘာဝနာများ ပွားများနိုင်ခဲ့ပါပြီ။

ကိုထွေး မိခင်အပေါ် ပြုစုထောက်ပံ့သမျှ မငြူစူဘဲ ကျေနပ်နားလည်ပေးခဲ့သော ဇနီးသည်မှာလည်း ငြူစူမှုကင်းမဲ့စွာ သားသမီးများရဲ့ ငြိုငြင်မှုမရှိ ပြုစုစောင့်ရှောက်ခြင်းကို ခံစားနေရပါပြီ ကိုထွေးတို့မောင်နှမသုံးဦးသားဝယ် မိဘကျေးဇူးကို သိတတ်လုပ်ကျွေးသူသည် လက်ရှိဘဝမှာပင် ကောင်းကျိုးခံစားရသကဲ့သို့ စာရှုသူတို့အနေဖြင့် ကောင်းကျိုးချမ်းသာများ ခံစားနိုင်ရန် ကြိုးစားနိုင်ကြပါစေ နောင်မှနောင်တမရကြပါစေနှင့်၊ (ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်)ဆိုတဲ့ အဆုံးအမကို သတိမူကြပါရန်။

## အဇာတသတ်လမ်းစဉ်ရှောင်ကာကြဉ်

တုံ… တုံ… တုံ…

ရွာဦးကျောင်းက အုန်းမောင်းခေါက်သံ၊ အချိန်ကနံနက်လေးနာရီ တောခေလေ့ ထုံးစံအတိုင်း ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံကြားသည်နှင့် ဒီရွာကလေးရှိ ရွာသူရွာသားများ တစ်နေ့တာလုပ်ငန်းအတွက် လှုပ်ရှားကြမြဲ။



ဒီနေ့တော့ အုန်းမောင်းခေါက်သံဆုံးပြီးမကြာလိုက် အိမ်တစ်အိမ်မှ ထွက်ပေါ်လာတဲ့အသံကြောင့် ရွာသူရွာသားအချို့ ထိုအိမ်သို့ စုရုံးရောက်ရှိလာကြရာ တွေ့လိုက်ရတဲ့ မြင်ကွင်းက အရဏ်ဦးရဲ့အလှကို အကျည်းတန်သွားပါသည်။

"ဟယ်… အို…"

"အမယ်လေး ဘုရားဘုရား"

အာမေဍိတ်သံ မျိုးစုံထွက်လာကြ၏။

ပြောလို့မယုံလျှင် တွေ့မြင်ရသူများ သိပါသည်၊ အမှန်တကယ်ဖြစ်ခဲ့တဲ့ (ပုံပြင်မဟုတ်သော) ဖြစ်ရပ်လေးပါ။

မောင်မြင့် သေတယ်ဆိုတဲ့သတင်း မိုးမလင်းခင် တစ်ရွာလုံးပြန့်သွားသည်သာမက နောက်ဆက်တွဲသတင်းများကလည်း အမျိုးမျိုးကြားနေရပါသည်။ ….. လို့သေတာတဲ့ သူ ကျန်မာရေးမကောင်းတာကြာနေပြီတဲ့။

"သူ့သားက ဆိုးပါတယ်အေ"

"အိုး ဆိုးဆို သူ့မအေဆိုရင် မျက်ရည်နဲ့မျက်ခွက်ပဲ သူ့စိတ်ကြောင့် ဖအေလူမမာ ဘယ်မှာ စိတ်ချမ်းသာရလို့လဲ၊ အဲဒါကြောင့် အခုလို သူ့ကိုယ်သူ ……"စသည်ဖြင့် အမျိုးမျိုး ဝေဖန်နေကြသည်။ မည်သို့ဆိုစေ မောင်မြင့်တစ်ယောက် လောကကြီးကို မျက်ကွယ်ပြုသွားရှာပါပြီ၊ ဒီသတင်းကြားတော့ စာရေးသူပြောခဲ့တဲ့ "**ဝေ မဟီ ဖြေမဆည်နိုင်သည်**" စတဲ့ မိဘမေတ္တာဖွဲ့သီချင်းကို ပြန်လည်ကြားယောင်မိပါသည်။ ဒီသီချင်းဟာ ရာဇဝင်ဇာတ်တော်ထဲက အဇာတသတ်မင်းသားကို အကြောင်းပြု ဖော်ကျူးထားတဲ့သီချင်းတစ်ပုဒ်ပေါ့၊ ဆရာ

Generated by CamScanner from intsig.com

တင်မှားခဲ့တဲ့ အဇာတသတ်မင်းသားရဲ့ မိုက်မှားမှုက ရာဇဝင်တွင်ခဲ့ပါတယ်။

လောကအလယ်မှာ အဖသတ်သားဆိုတဲ့ အမည်ဆိုးနဲ့ မျက်နှာငယ်ခဲ့ရသလို ပန်းဝင်လည်းမကောင်းခဲ့ပါ၊ ယနေ့ခေတ်၌ပင် အလားတူဖြစ်ရပ်များ ကြားနေပါတယ်၊ ဗဟုသုတမှသည် သင်ခန်းစာအဖြစ် ပြောင်းလဲရယူစေလိုပါတယ်။

## ခွင့်လွှတ်ပါတယ် ဒါပေမယ့်

အထက်ပိုင်းဒေသမှ ဖြစ်ရပ်မှန်လေးတစ်ခုပါ ဒီဖြစ်ရပ်လေးကို ဖတ်မှတ်ပြီး သင်ခန်းစာယူကြပါရန် မေတ္တာဖြင့်တင်ပြလိုက်ပါတယ်။

သာယာငြိမ့်ညောင်း အလွန်ကောင်းတဲ့ ရွှေနားတော်သွင်း သီချင်းမဟုတ်ပေမယ့် စူးရှလှတဲ့ ကံကြမ္မာမြားချက်ကြောင့် ဇာတ်သိမ်းမလှပုံကို ရှုစားကြည့်ပါဦး၊ အညာဒေသရဲ့ ထုံးစံက ခြေတံရှည်အိမ်တွေမို့ လေကားကလည်း လေကားရှည်တွေပေါ့။

ဒီလို အိမ်တစ်အိမ်မှာ အမေ၊ သား၊ ချွေးမ စုစုပေါင်း သုံးယောက်နေကြတယ်၊ အမယ်အိုက အသက်(၇၀)ကျော်မို့ ဇရာဖိစီးသည့်အပြင် မျက်စေ့က မမြင်ဝိုးတဝါးဘဝ ဒီလိုနေလာကြတာ ရက်ကိုလစားလို့ နှစ်များသို့ပင်တိုင်ခဲ့ပါပြီ။

ကြာလာတာနဲ့အမျှ ချွေးမက မကြည်ဖြူ မကြည်ဖြူတော့ ငြိုငြင် ငြိုငြင်မှု အရှိန်အဟုန်ပြင်းလာတဲ့အခါ ချွေးမ



လုပ်သူဟာ သားနှင့်အမိကြား ကုန်းတိုက်စကားဆိုပါတယ်။

ကြာတော့ သားဖြစ်သူမှာ မိန်းမစကားအောင်ပြီး မိခင်အပေါ် အထင်မှားရာကနေ မုန်းတီးလာတယ်၊ အကုသိုလ်ဝင်တော့မယ်လေ၊ လူဆိုတာ အကုသိုလ်ဝင်ချင်လျှင် အတွေးမှားရာက စဝင်တာမဟုတ်ပါလား၊ မိခင်အပေါ် အထင်မှားအမြင်မှား အတွေးမှားတွေဝင်ပြီး အကောင်းမမြင်တော့ဘူးလေ။

တစ်နေ့ အရက်တွေမူးပြီး အပြင်က ပြန်အလာမှာ မိန်းမကဆီးပြီးတိုင်တော့ မိန်းမစကားအောင်ပြီး ဒီအဘွားကြီးရှုပ်တယ် နေရာတကာပါတယ်ဆိုပြီး လှေကားထိပ်ကနေ မအေကြီးကို ကန်ချတော့တာပေါ့ လှေကားတစ်ဝက်လောက်ရောက်တာတောင် ဆက်ကန်ချသေးတာ မအေအိုကြီးက တောင်းပန်တာလည်းမရဘဲ ဆက်ပြီးကန်ချသေးတာ၊ ကြမ်းတမ်းတယ်ပြောမှာပေါ့။

အရပ်ထဲက လူတွေမြင်တော့ မအေကို ဒီလောက်နှိပ်စက်တဲ့ကောင်မျိုး သတ်ပစ်တာပဲကောင်းတယ်ဆိုပြီး တုတ်တွေ ဓားတွေဆွဲပြီး ပြေးလာကြတော့တာပေါ့။

ကြားကနေ မခံနိုင်ကြတော့ဘူး ''ထောင်ကျချင်ကျပါစေ မအေကို ဒီလောက်စော်ကားတဲ့ကောင်မျိုး ဒီရွာမှာမထားဘူး သတ်ပစ်လိုက်''နဲ့ ဝိုင်းလာကြကာ အသံတွေဆူညံသွားပါတယ်။ မိဘမေတ္တာကြီးမားပုံကို ခံစားကြည့်ပါဦး၊ သားကိုရန်ပြုမလို့ ပြေးလာတဲ့ လူအုပ်ကြီးကိုမြင်သော ပုံလဲနေတဲ့ မအေအိုရဲ့ ရင်ထဲမှတစ်ဆင့် နှုတ်များက ထွက်ပေါ်လာတဲ့

Generated by CamScanner from intsig.com

စကားက ''ကျွန်မသားလေးကို မလုပ်ကြပါနဲ့''လို့ တောင်းပန်ရှာတယ်၊ သားဖြစ်သူ သွေးသံရဲရဲဖြစ်မှာကို မမြင်ရက်လို့ပါပဲ။ မိဘလေ သားသမီးအပေါ် ခွင့်လွှတ်တတ်တဲ့ မေတ္တာဓာတ်အပြည့်ရှိပါတယ်၊ သတ်မယ်ဆိုပြီး သွားကြတဲ့သူတွေ တောက်ခေါက်ပြီး ဒီလိုကောင်မျိုး မြေမမျိုတော့ဘူးလား။ ငရဲဆိုတာမရှိတော့ဘူးတဲ့လားနဲ့ ပြောပြီးပြန်ကြရတယ်။

သားကို မအေက မိခင်မေတ္တာမို့ ခွင့်လွှတ်နိုင်ပါတယ်။ နောင်လည်းခွင့်လွှတ်မြဲ ခွင့်လွှတ်နေမှာပါ၊ ဒါပေမယ့် ခွင့်မလွှတ်သည်က သဘာဝဓမ္မပါပဲ၊ ဒီဖြစ်ရပ်ဖြစ်ပြီးလို့ လပိုင်းလောက်ကြာပြီး တစ်နေ့မှာ ရေချိုးနေရင်း ပူတယ်ပူတယ်နဲ့ အော်လို့ ရေနဲ့ဝိုင်းလောင်းကြတယ် မရပါ။

နောက်တော့ ရေထဲဆင်းစိမ်ခိုင်းကြတာပေါ့၊ ဒါလည်း မရတော့ပါဘူး၊ ပူလိုက်တာ ပူလိုက်တာနဲ့အော်ရင်း ရေတွေပါ ပွက်ပွက်ဆူလာပြီး နောက်ဆုံးသေသွားရှာတယ် လောကရဲ့ ပါပဲ သားရဲ့မိုက်မှားမှုကို မွေးမေမေခွင့်လွှတ်ပါတယ်၊ ဒါပေမယ့် ပေါ့လေ...။

## ဝစီဘေဒထိတိုင်းရှ

ရောဝတီတိုင်းဒေသကြီးမှာရှိတဲ့ (......)ရွာမှာပါ။ ဒီဒေသကို တရားပွဲသွားတုန်းအခိုက် ဒေသခံကိုယ်တော်တစ်ပါးရဲ့ပြောပြလို့ သိခွင့်ရခဲ့တာပါ၊ နေရာဒေသ အတိအကျပြောနိုင်စေဖြား ကာယကံရှင်မိသားစုရဲ့ ဂုဏ်သိက္ခာကိုငဲ့သော



အားဖြင့် မဖော်ပြသည်ကို နားလည်ခွင့်လွှတ်ကြပါရန် မေတ္တာရပ်ခံပါရစေ ဖြစ်ရပ်မှန်များမှာ တစ်ခုအပါအဝင်မို့ သင်ခန်းစာယူနိုင်စေဖို့ ဖော်ပြလိုက်ပါတယ်။

ဖအေ၊ မအေ၊ သမီးဆိုတဲ့ မိသားစုသုံးဦး ပျော်ကြစ်ရာ တစ်ခုသောအိမ်မှာ မိဘနှစ်ပါးက တစ်ဦးတည်းသော သမီးလေးကို သိပ်ချစ်လို့ ချစ်ချစ်လို့ အမည်ပေးထားတယ်။ (အမည်လွှဲရေးထားပါသည်။)

ဥပုသ်နေ့တစ်နေ့မှာ မိခင်ကြီးက စောစောထ ဆွမ်း၊ ဆွမ်းဟင်းအချိုပွဲ၊ အချဉ်ပွဲပြင်ကာ ကျောင်းသို့ ဥပုသ်စောင့်သွားရန် အသင့်ဖြစ်နေပါပြီ ဖခင်လည်း အဆာပြေ နံနက်စာထမင်းကြော်ကို ဒေသထွက်ငါးခြောက်ဖုတ်နဲ့သုံးဆောင်ရင်း သမီးလေး အိပ်ရာမှနိုးလာမည့်အချိန်ကို စောင့်မျှော်နေပါတယ်၊ မိဘတို့မည်သည် မိမိသားသမီးများကို ကောင်းစားစေလိုသည့် မေတ္တာစေတနာအပြည့်ရှိသည်မို့ ကောင်းမှုကုသိုလ်ပြုစေလိုသည်။

အနန္တငါးပါးရဲ့ ဂုဏ်ကျေးဇူးကို နားလည်စေလိုသည်၊ ဗုဒ္ဓအဆုံးအမ အမွေအနှစ်ကိုလည်း ပေးချင်ပါသည်၊ ယနေ့သီတင်းသီလ ဆောက်တည်ရန်သွားလျှင်လည်း သမီးလေးအပါခေါ်ပြီး ကောင်းမှုကုသိုလ်ပြုစေဦးမည်ပေါ့၊ သမီးလေးရဲ့ဘဝနောင်ရေးအတွက်ပါ၊ ဒီရည်ရွယ်ချက်နဲ့ မိခင်ကြီးခမျာ သမီး အိပ်ခန်းဘက်လျှောက်ခဲ့ပြီး

**(မိခင်)** – သမီးလေးရေထတော့လေ ဒီနေ့ဥပုသ်နေ့ ကျောင်းသွားဥပုသ်စောင့်ကြမယ်။

ဇာတ်လမ်းက ဒီမှာစတော့တာပါပဲ။

(သမီး) – အရေးမပါတဲ့ အလုပ်တွေလာလုပ်မနေနဲ့ အိပ်ရေးမဝသေးဘူး မလိုက်ဘူး၊ ကိုယ့်ဘာသာသွားကြ

(မိခင်) – အေးအေး သမီးမလိုက်ချင်လည်းနေခဲ့ အမေတို့ ညနေစောင်းမှ ပြန်လာမယ်နော်

(သမီး) – ပြန်ချင်တဲ့အချိန်ပြန်

သမီးရဲ့စကားကြားရတော့ မိခင်ကြီးစိတ်မကောင်းဖြစ်ရပါတယ်။

အိပ်ရာကမထချင်တာနဲ့ ကုသိုလ်ရေးအလုပ်ကိုပင် အရေးမပါတဲ့အလုပ်တဲ့ ဆက်ပြောလျှင် သမီးမှာ အကုသိုလ်များမှာမို့ ဘာမျှမပြောဘဲ ပြန်လှည့်ခဲ့ပါတယ်၊ ဖခင်ကြီးလည်း စကားသံအားလုံးကြားနေရပါတယ်၊ အချိန်တန်လို့ ကျောင်းသို့ သီလဆောက်တည်ရန် ထွက်ကြသော်လည်း မိဘနှစ်ပါးရင်ထဲမှာတော့ သမီးလေးရဲ့နောင်ရေးအတွက် အတွေးကိုယ်စီရှိနေကြမှာ အမှန်ပါ၊ နေဝန်းနီနီက အနောက်အရပ်ဒေသ တောင်တန်းများကြား ပျောက်ကွယ်လုနီးနီးမှာ မိဘနှစ်ပါး သီလတည်းဟူသော အားတွေနဲ့ ပြန်ခဲ့ကြပါပြီ။

(မိခင်) – သမီးရေ အမေတို့ဥပုသ်စောင့်ထားလို့ ထမင်းမစားတော့ဘူး ဒီမှာဟင်းတွေရှိတယ် ထမင်းအိုးလေးတည်ပြီး သမီးဘာသာ စားလိုက်တော့နော်။

(သမီး) –အရေးမပါတဲ့အလုပ်တွေလျှောက်လုပ်ပြီး ထမင်းအိုးလေးတစ်လုံးတောင် တည်မကျွေးနိုင်တော့ဘူး၊ ဒီအိမ်မျိုးမှာ နေဖို့မကောင်းဘူး။



(မိခင်) – ဟဲ့ သမီး မပြောကောင်းမဆိုကောင်း မပြောရဘူးလေ။ အမေတို့ကို ဥပုသ်ပျက်အောင် မလုပ်ပါနဲ့ အကုသိုလ်ကြီးမယ်နော်။

ကလုံ ကလွှမ် ဂွမ် အသံများနဲ့အတူ ချစ်ချစ်တစ်ယောက် ဖရုသဝါစာ စကားများပြောဆိုကာ မီးဖိုချောင်ထဲ သောင်းကျန်းနေပါတယ်။

(မိခင်) – သမီး နင့်အသက် (၁၆/၁၇)ဖြစ်နေပြီ ဒီအရွယ်အထိ မလိမ္မာသေးဘူးလား၊ နင် ခွေးလိုမိုက်နေပါလား။

(သမီး)– တော်သာ ခွေးမကြီး ကျုပ်ကိုခွေးလိုမကိုက်နဲ့

ချစ်ချစ်တစ်ယောက် မိဘကျေးဇူးကို မသိမမြင်နိုင်ဘဲ ကာယကံမြောက် အမူအယာနဲ့ဆန့်ပြပြစ်မှားရုံမက ဝစီကံမြောက်ပါ ပြစ်မှားစော်ကားနေပါတယ်။

ချစ်ချစ်ပြစ်မှားသူမှာ ကျေးဇူးကြီးသော မိဘမို့ တန်ပြန်အဆကလည်းများရုံမက သီလလည်း လုံခြုံနေချိန်မို့ ချစ်ချစ်အတွက် တန်ပြန်ချက်က ပြင်းလှပါတယ်၊ ဒီကံအရှိန်အဟုန်ကြောင့်လည်းကောင်း၊ ဒေါသဓာတ်သတ္တိတို့ကြောင့်လည်းကောင်း ချစ်ချစ်တစ်ယောက် ရင်တွေပူလာရာကနေ မခံမရပ်နိုင်ဖြစ်ပြီး မူးမေ့လဲသွားပါတယ်၊ ချစ်ချစ်သတင်းကြားတဲ့ အရပ်ထဲက လူများရောက်လာပြီး ဝိုင်းပြုစုကြလို့ သတိပြန်ရလာပါပြီ။ သတိရသော်ငြား... အို... ဘုရား ဘုရား။

Generated by CamScanner from intsig.com

## ပြစ်မှားမိကံ ချက်ချင်းခံ

စာရှုသူတို့ သင်ခန်းစာယူနိုင်ပါစေ။ ချစ်ချစ်သတိရလာသော်လည်း လူအသိလူသတိမဟုတ်ပါ၊ မိခင်ကြီးအား ဝစီကံမြောက် ခွေးနှင့်နှိုင်းယှဉ်ပြစ်မှားမိသောကြောင့်ပင် ခွေးစိတ်ပေါက်ကာ ခွေးလိုနေ ခွေးလိုစားနှင့် ခွေးအမူအယာနဲ့ပဲ နေပါတော့တယ်။ (ကိုယ်လုံးသဏ္ဌာန်တော့ မပြောင်းလဲပါ၊ စိတ်သာပြောင်းလဲသွားခြင်းဖြစ်ပါသည်။)

အဝတ်အစားလည်းမဝတ်တော့ပါဘူး၊ ဒီလိုနေရင်း တစ်နေ့ မိဘများမသိနိုက် မစင်တွင်းထဲကျ သေသွားပါတယ်။ ခွေးစိတ်ပေါက်နေတဲ့ချစ်ချစ် မစင်တွင်းနား ဘာသွားလုပ်ပါလိမ့်၊ အောက်မြန်မာပြည်က ဖြစ်ရပ်လေးကို စာရှုသူများ သင်ခန်းစာယူကာ မိမိကိုယ်တိုင် ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံရလေအောင် ကျေးဇူးကြီးမား မိဘများကို မပြစ်မှားမိစေဖို့ သတိပေးပါတယ်။ အဇာတသတ်လက်သစ်များ မဖြစ်စေလိုပါ၊ မိဘဆရာသမားများ ဆုံးမစကားကို လေးစားလိုက်နာရပါမယ်၊ မင်္ဂလသုတ်တော်လာ သောဝစသတာပုဒ်၌ သူတော်ကောင်းတို့ ဆုံးမရာ၌ လွယ်ကူစွာလိုက်နာခြင်းသည်လည်း မင်္ဂလာတစ်ပါးလို့ဆိုထားပါတယ်၊ ထို သောဝစသတပုဒ်အရပင် သားတော်ရာဟုလာလေးကို ဩဝါဒပေးတော်မူသောအခါ တစ်ခွန်းတည်းသော စကားဖြင့်ပင် နာယူလွယ်သကဲ့သို့ သူတော်ကောင်းအဆုံးအမများကို တစ်ခါတည်းဖြင့် လိုက်နာရပါမယ်။



စာရေးသူကိုယ်တိုင် ငယ်စဉ်စာသင်သားဘဝမှာ ကြုံခဲ့တဲ့ အဖြစ်ကလေးကို တိုက်ဆိုင်လို့ပြောချင်ပါတယ်၊ ကိုယ်ရည်သွေးခြင်း မဟုတ်ပါ၊ စာရေးသူတို့ငယ်စဉ်က သင်္ကန်းအဟောင်းများကို ဆေးဆိုးဝတ်လေ့ရှိတယ်၊ ဝတ်ကြရပါတယ်၊ တစ်နေ့ စာတက်သွားချိန်မှာ ဆေးဆိုးထားတဲ့သင်္ကန်းရုံပြီး စာသွားတက်ပါတယ်၊ ဒီမှာပဲ ဆရာတော်က "ဟဲ့ သင်္ကန်း ဆေးဆိုးတာ သာရုပ္ပဖြစ်အောင်ဆိုးမှပေါ့"လို့ မိန့်လိုက်ပါတယ်။ အရောင်က သိပ်ညိုမဲနေလို့ပါပဲ၊ ဆရာတော် မိန့်ပြီးတဲ့နောက် အဲဒီသင်္ကန်းကို စာရေးသူ မဝတ်တော့ပါဘူး။

ဆရာတော် မနှစ်သက်မှန်းသိတာကတစ်ကြောင်း၊ ကြောက်တာကတစ်ကြောင်းကြောင့်ပါ၊ တစ်ည ဆရာတော်ကို ဝတ်ပြည့်ပေးနေတုန်းမှာ ဆရာတော်က "ဟဲ့ နင့်သင်္ကန်း ဘယ်ရောက်သွားလဲ"လို့မေးတယ်၊ ဆေးဆိုးသင်္ကန်းကို ရည်ရွယ်မေးတာပါ။

ခုတင်အမိုးလုပ်ပစ်လိုက်ကြောင်း လျှောက်လိုက်တော့ "အေး ကောင်းတယ် နောက်ကို အဲဒီလို မဲပုပ်နေအောင် မဆိုးနဲ့"လို့ မိန့်မှာပြီး သင်္ကန်းတစ်စုံ စွန့်လိုက်ပါတယ်။

သတိပေးဆုံးမတဲ့ ဆရာသမားက သုဘာသိတ (ကောင်းမွန်ငြင်သာစွာ) ဆုံးမခဲ့သလို လိုက်နာသူတပည့်အများကလည်း သုဝစ – ဆုံးမပြောဆိုလွယ်ကူလျှင် ကောင်းကျိုးသုခ ခံစားရမှာ အမှန်ပါ။

ဘုရားရှင်လက်တော်က ဆုံးမရခက်တဲ့ရဟန်းတစ်ပါး

ကို ဘုရားရှင်က "ချစ်သား ဆိုနိုင်ခက်ခဲမရှိလေနှင့် ဒီလို ဆိုနိုင်ခက်ခဲရှိလို့ သင်ကိုယ်တိုင် အရှင်လတ်လတ် ငရဲ ကျခဲ့ဖူးတယ်"လို့ မိန့်တော်မူကာ အတိတ်ဇာတ်ကြောင်း ဒီလိုဆောင်ပါတယ်။

## နှောင်းကံအတိတ်က ထိတ်စရာ

သူကြွယ်လင်မယားနှစ်ယောက်မှာ မိတ္တဝိန္ဒက ဆိုတဲ့ သားတစ်ယောက်ရှိတယ်၊ မိဘနှစ်ပါးက သောတာပန်သူတော်ကောင်းကြီးတွေ မိတ္တဝိန္ဒက ကတော့ မိဘနဲ့ဆန့်ကျင်ဘက် မိဘကို အမြဲတမ်း နှုတ်လှန်ထိုးတတ်တဲ့အကျင့်ရှိတယ်၊ မထင်ရင် မထင်သလို ပြန်အော်တယ်၊ ယနေ့ခေတ်လူငယ်တွေ (အမေတို့ကလည်း အဖေတို့ကလည်း) စသည်ဖြင့် ပြန်အော်တာမျိုးပေါ့။

မိဘရင်ထဲ စူးခနဲ နင့်ခနဲဖြစ်သွားအောင် စကားနဲ့ပြောဆိုတာ နှုတ်လှန်ထိုးတယ်ခေါ်ပါတယ်၊ မိဘနှစ်ပါးရဲ့ အကျင့်သီလနဲ့ မိတ္တဝိန္ဒကရဲ့ စရိုက်ကတော့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာပေါ့။

ဖခင်မရှိတော့တဲ့နောက်မှာ မိခင်ကြီးကပဲ အုပ်ထိန်းခဲ့ရပါတယ်၊ အမျိုးမျိုးပြုပြင်ဆုံးမသော်လည်း မိတ္တဝိန္ဒကဟာ သူ့ရဲ့စရိုက်ကို မစွန့်ပါ။

တစ်နေ့သော ဥပုသ်နေ့မှာ မိခင်ကြီးက သားကို အသပြာတစ်ထောင်ပေးပြီး ဥပုသ်စောင့်ဖို့ပြောတယ်၊ (သား



ဥပုသ်စောင့်ချင်အောင် ပညာသုံးတာပါ) ဥပုသ်စောင့်ဖြစ်သွားပါတယ်၊ ဘုရားတရားတော့ မနာခဲ့ပါဘူး သီလဆောက်တည်ရုံသက်သက်ပေါ့ သီလသာဆောက်တည်ပြီး တရားမနာခဲ့တော့ တရားအသိမရှိခဲ့ပါ၊ တရားအသိမရှိလေတော့ ကုသိုလ် အကုသိုလ် ဘယ်ခွဲတတ်ပါ့မလဲ မခွဲတတ်ဘူးလေ၊ မိခင်ကြီးဟာ "ဒီတစ်ကြိမ်တော့ မအေ့ စကားနားထောင်ပြီး ဥပုသ်တစ်ရက်တော့စောင့်သားပဲ ငါ့သားလေးပျော်ပါစေ"လို့တွေးပြီး မေတ္တာစေတနာအပြည့်ဖြင့် အသပြာတစ်ထောင်ပေးလိုက်တယ်လေ၊ မိတ္တဝိန္ဒက သိပ်ပျော်တာပေါ့ အဆန်လမ်းနဲ့ပျော်ခြင်းတော့မဟုတ်ပါ၊ လောကီစည်းစိမ်ဥစ္စာတို့မည်သည်သူတော်ကောင်းများအတွက် နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်တဲ့ အထောက်အပံ့ပစ္စည်းပါ၊ လူ့ဗာလများအဖို့ အပါယ်ခရီးအတွက် ရိက္ခာထုပ်မို့ မိတ္တဝိန္ဒက ရရှိတဲ့ အသပြာကို တန်ဖိုးရှိရှိ အသုံးမချဘဲ အစုန်လမ်းအလုပ်တွေနဲ့သာ အချိန်ကုန်ပါတယ်။

မိတ္တဝိန္ဒက အပေါင်းအဖော်တွေနှင့် ပင်လယ်ရပ်ခြားကုန်ကူးသွားဖို့စီစဉ်ပြီး မိခင်ကြီးကို လာပြောတယ်၊ တိုင်ပင်တာမဟုတ်သလို ခွင့်တောင်းတာလည်း မဟုတ်ဘူး၊ သွားမယ့်အကြောင်းသာပြောတာနော်။

မိခင်ကြီးက အမျိုးမျိုးတားတယ် မရဘူး၊ နောက်တော့ တောင်းပန်နေတဲ့ကြားက "သားကို တားပိုင်ခွင့်မရှိဘူး မတားနဲ့"ဆိုပြီး အရေးမစိုက်ဘဲ တွန်းထိုးပြီးထွက်သွားလိုက်တယ်၊ မိခင်ကြီး မျက်ရည်စက်လက်နဲ့ကျန်ခဲ့တာလည်း စိတ်

Generated by CamScanner from intsig.com

မဝင်စားဘူး သဘော်ထွက်တာ တစ်ပတ်ခန့်ကြာပြီလေ။ ကမ်းမမြင် လမ်းမမြင် ပင်လယ်မှာ မိတ္တဝိန္ဒကရဲ့ ကံအပြောင်းအလဲ စတော့တာပါပဲ။

(စာမူရှည်သွားမည်စိုး၍ အတိုချုံ့လိုက်ပါရစေ။ အပြည့်အစုံကို (၅၅၀)ဝတ္ထု ဒသကနိပါတ် စတုဒွါရဇာတ်၌ လေ့လာဖတ်ရှုပါရန်)

ဘာချို့ယွင်းချက်မှမရှိဘဲ ရေလယ်မှာသဘော်ရပ်သွားတယ်၊ ထူးတယ်ဆိုပြီး သဘော်သူကြီးကိုခေါ်ကာ တိုင်ပင်ကြတယ်၊ နောက်ဆုံးမှာ ထုံးစံအတိုင်း အကုသိုလ်စာရေးတံမဲနှိုက်ကြတော့ သုံးကြိမ်နှိုက်တာ သုံးကြိမ်လုံး မိတ္တဝိန္ဒကပဲကျတယ်၊ သဘော်သူကြီးလည်း မတတ်သာဘူးပေါ့၊ တစ်ယောက်အသက်နဲ့ အများအသက်မလဲနိုင်ဘူးလေ။

ဖောင်တစ်ခုစီမံပြီး မိတ္တဝိန္ဒကကို ဖောင်နဲ့ထားခဲ့ကြတာပေါ့၊ မိတ္တဝိန္ဒက အောက်ရောက်တာနဲ့ သဘော်လည်း မြားတစ်စင်းပမာ ထွက်သွားပါရော ကံအရှိန်အဟုန်တွေနော် သိရင် တကယ်ကြောက်ဖို့ကောင်းပါတယ်၊ ကံအရှိန်အဟုန်ဆိုတာ ဉာဏ်မျက်လုံးနဲ့ကြည့်မှ မြင်နိုင်တာပါ။

## တစ်ရက်ဥပုသ်ကျိုးမယုတ်

မိတ္တဝိန္ဒကဟာ ပင်လယ်ထဲမှာဖောင်နဲ့မျောနေပါတယ်၊ ဥပုသ်တစ်ရက်စောင့်ထားတဲ့ ကံသတ္တိက ထိန်းထားတော့ မသေဘဲ ကျွန်းတစ်ကျွန်းမှာ သွားကပ်တယ်၊ အဲဒီကျွန်း



မှာ နတ်သမီးလိုလှပတဲ့ ကျွန်းသူလေးယောက်နှင့် ခုနစ်ရက်ပျော်ခွင့်ရသွားတယ်၊ ခုနစ်ရက်စေ့တော့ "အမောင် ဘယ်မှမသွားပါနဲ့ ကျွန်မတို့နောက်ခုနစ်ရက်ကြာရင် ပြန်ခဲ့ပါမယ်ခုတော့ သွားစရာရှိလို့သွားပါရစေဦး"လို့ပြောပြီး ထွက်သွားကြတယ်၊ ကြည့်နေရင် မျက်စေ့မြင်ကွင်းက ပျောက်သွားတယ်။ မိတ္တဝိန္ဒက မစောင့်နိုင်တာနဲ့ ဖောင်နဲ့ဆက်ထွက်တယ်။ နောက်ကျွန်းတစ်ခုရောက်ပြန်တယ်၊ ဒီကျွန်းမှာ စောစောကလိုပဲ ချောမောလှပတဲ့ ကျွန်းသူရှစ်ယောက်နဲ့တွေ့ပြီး ခုနစ်ရက်ပျော်ခွင့်ရပြန်တယ်။

ခုနစ်ရက်ပြည့်တော့ ရှေ့နည်းတူမှာပြီး သွားကြပြန်တယ်၊ ရှေ့ဆက်သွားရင် ဒီထက်ကောင်းတာတွေ ခံစားရမှာပဲလို့တွေးပြီး ဆက်ထွက်ခဲ့တယ်၊ ထင်တဲ့အတိုင်းပါပဲ နောက်ကျွန်းတစ်ကျွန်းမှာ ဆယ့်ခြောက်ယောက်၊ နောက်တစ်ကျွန်းမှာ သုံးဆယ့်နှစ်ယောက်နဲ့ ပျော်ရပြန်တယ်၊ လူမိုက်ကံကောင်းဆိုတာ ဒါမျိုးထင်ပါရဲ့ စာရှုသူ သတိပြုမိပါလေစ၊ သူပျော်ပါးခံစားနေတာ တကယ့်နတ်သမီးအစစ်တွေ မဟုတ်ဘူး ခုနစ်ရက်စံ ခုနစ်ရက်ခံဆိုတဲ့ ဝေမာနိက နတ်ပြိတ္တာတွေပါ၊ မိတ္တဝိန္ဒကမှာ တစ်ရက်တာစောင့်ထိန်းခဲ့တဲ့ ဥပုသ်သီလ ကုသိုလ်ကံက ကုန်ခဲ့ပြီမို့ အကုသိုလ်အကျိုးပေးအလှည့်ကျရောက်လာပါပြီ၊ အကုသိုလ်ဝင်ဖို့ အလှည့်ကျလာလေတော့ အတွေးမှားဝင်လာပြန်တယ်၊ ငါရှေ့ဆက်သွားလျှင် ဒီထက်ကောင်းတာတွေ ခံစားရမှာပဲလို့တွေးပြီး ဖောင်နဲ့ခရီးဆက်တယ်။

## ကိုယ်ပြုတဲ့ကံ ကိုယ်သာခံ

မိတ္တဝိန္ဒကရဲ့ အကုသိုလ်အကျိုးပေးစပါပြီ၊ မိဘပြစ်မှားသူများကျတဲ့ ဥဿဒသငရဲရှိရာကို ဖောင်ကသွားကပ်တယ်၊ သူ့ရဲ့ကံအရှိန်ကြောင့်ပေါ့ ပျော်စရာသိပ်ကောင်းတယ်လို့ ထင်ရတဲ့မြို့ကြီး တစ်မြို့သွားတွေ့တယ်။

လေးဖက်လေးတန် ရံကာထားပေမယ့် သူ အလွယ်တကူပဲဝင်လို့ရသွားတယ်၊ သဘော်ပေါ်က ချခဲ့ကြတဲ့ မာလိန်မှူးနဲ့အဖွဲ့ကို ဒီအချိန်မှာ ကျေးဇူးတောင်တင်နေဦးမလား မသိဘူးနော်။

မြို့ထဲဝင်လိုက်တော့ "အိုး စည်ကားလိုက်တာမှ လူတွေလူတွေ အများကြီးပါလား ဟန်ကျလိုက်တာ ဒီမြို့က သိပ်ပျော်စရာကောင်းပဲ" ဆိုပြီး သိပ်ပျော်သွားတာပေါ့ ဒါပေမယ့် သူရောက်နေတာ ငရဲပြည် ဦးထိပ်ထားအပ်တဲ့ မိဘများကို ပြစ်မှားသူများခံရတဲ့ ငရဲပေါ့ ခေါင်းမှာ ဓားစက်ကဖြတ်နေတယ်၊ သွေးတွေနီရဲဖြာထွက်ပြီး သွေးညှီနံ့တွေ တထောင်းထောင်းနဲ့ပေါ့ နာလွန်းလို့အော်ပြီးပြေးနေကြတဲ့ ငရဲသားတွေကို ကြည့်ပြီး မိတ္တဝိန္ဒကတစ်ယောက် သဘောတွေကျနေတယ်။

ခေါင်းကို ဓားစက်ဖြတ်လို့ သွေးတွေဖြာထွက်နေတာကို အင်မတန်လှတဲ့ ပန်းနီနီရဲရဲတွေ ပန်ထားတာလို့မြင်နေတယ်။

သွေးညှီနံ့တွေကို မွှေးကြိုင်တဲ့နံ့သာတွေလိမ်းထားလို့ မွှေးကြိုင်နေတယ်လို့ ထင်နေတယ်။



နာလွန်းလို့ အော်ပြေးနေတာကို သာယာတဲ့သီချင်းသံတွေအဖြစ်နဲ့ ကြားနေတယ် ပြောင်းပြန်တွေ ထင်မြင်နေတော့တာပေါ့။

အဲဒါ စိတ်အမြင်ပြောင်းတယ်ခေါ်ပါတယ်၊ သူ့ရဲ့ကံသတ္တိကြောင့်ဖြစ်တာပါ၊ ငရဲခန်းကို နတ်ပန်းထင်တယ်ဆိုတာပါပဲ၊ စိတ်အမြင်ပြောင်းတာ သတိထားရပါမယ်၊ ယနေ့ခေတ်မှာ နားမခံသာအောင် လည်ချောင်းကွဲလုမတတ် ကုန်းအော်နေတဲ့သီချင်းတွေ မိဘဆရာသမား မျက်နှာမငဲ့ဘဲ မကြားဝံ့မနာသာပြောနေတဲ့ ပျက်လုံးတွေ နားထောင်ကောင်းနေတယ် ဘီယာဆိုရင် ကြိုက်နေတယ်ဆိုရင် သတိထားရမယ်။

သိပ်လည်းဟန်မကျတော့ဘူးနော်၊ အေးအေးချမ်းချမ်း ငြိမ့်ငြိမ့်ညောင်းညောင်း သာသာယာယာ မဟုတ်ဘဲ ခပ်ကြမ်းကြမ်းမှကြိုက်တယ်ဆိုရင် မိမိစိတ်ကိုက ကြမ်းတမ်းနေလို့ပါ ကြမ်းတမ်းတယ်ဆိုတာ ကုသိုလ်ဓာတ်မဟုတ်ဘူး၊ အကုသိုလ်ဓာတ်မို့ အပါယ်ကျတတ်ပါတယ်၊ မိတ္တဝိန္ဒက အကြောင်း ဆက်ပြောမယ်။

ဒီလို စိတ်အမြင်တွေ ပြောင်းလာတော့ အဆိုးကို အကောင်းထင်ပြီး အနားရောက်လာတဲ့ သူတစ်ယောက်ကို "ခင်ဗျားခေါင်းပေါ်ပန်း ကျွန်တော့်ကိုပေးပါ" လို့ ပြောလိုက်တယ် (ငရဲသားမှန်းမသိဘူး) တစ်ဖက် သူက "ခင်ဗျားမှားနေပြီး ဒါပန်းမဟုတ်ဘူး ဓားစက်ခေါ်တယ်။ မလိုချင်ပါနဲ့ဗျာ" လို့ ပြန်ပြောပေမယ့် "ခင်ဗျားမပေးချင်လို့ ပြောတာပါဗျာ ခင်ဗျားခေါင်းပေါ်က ပန်းကို ကျွန်တော်ကိုယ်တိုင် မြင်နေရတာပါ၊

Generated by CamScanner from intsig.com

ကျွန်တော်သိပ်သဘောကျလို့ ပေးပါဗျာ''လို့ အတင်းတောင်း တာနဲ့ ဟိုငရဲသားက ငါတော့လွတ်တော့မယ် ထင်တယ်လို့ တွေးမိပြီး ''ကဲ ခင်ဗျား ဒီလောက်လိုချင်နေရင်လည်း ပေးပါ့ မယ် ရော့ ယူတော့''လို့ ပြောလိုက်တာနဲ့ ဓားစက်က မိတ္တဝိန္ဒ ကရဲ့ခေါင်းပေါ် အလိုလိုရောက်သွားပြီး ဖြတ်တော့တာပေါ့။ သူလည်းအော်ပြီးပြေးရတော့တာပဲလေ ဟိုငရဲသားကတော့ ပျောက်သွားပြီး မရှိတော့ဘူး ကျွတ်သွားပြီပေါ့။

''အဲဒီအချိန်ကာလတုန်းက ငါဘုရားဟာ အဲဒီအနား မှာ ရှိတဲ့တောတစ်ခုမှာ ရုက္ခစိုးနတ်ဖြစ်ခဲ့ဖူးလို့ တွေ့မြင်ပြီး အခုလို အသိပေးဆုံးမဖူးတယ်ချစ်သား ဒီတုန်းက မိတ္တဝိန္ဒက ဆိုတာ တခြားသူမဟုတ်ဘူး သင်ချစ်သားပဲ ထိုအချိန်က လည်း ဆုံးမရခက်လို့ ငရဲကျခဲ့ပြီးပြီ။ ယခု ဘဝမှာလည်း ဆိုနိုင်ခက်ခဲမရှိပါနဲ့''လို့ မိန့်တော်မူပါတယ်။ မိတ္တဝိန္ဒကကို နမူနာယူပြီး စာရေးသူ စာရှုသူတို့လည်း မပြစ်မှားအပ်သူများ ကို မပြစ်မှားမိဖို့ လောကပါလ တရားနှစ်ပါးကို လက်ကိုင် ထားကာ ပြစ်မှားမှုများကို ဝေးစွာရှောင်ကြဉ်ရပါမယ်။ ပြစ်မှားမိ လျှင်ဖြင့်...

## မေတ္တာရပ်ခံပါရစေ

ယနေ့ တိုးတက်ပြောင်းလဲလာတဲ့ခေတ်မှာ စိတ်ပိုင်း ဆိုင်ရာ အသိဉာဏ်ပညာတွေလည်း မြင့်မားသင့်ပါတယ်။ မြင့်မားတဲ့ ပညာရပ်များကိုလည်း အသုံးချမမှားဖို့ အရေးကြီး လှပါတယ်။



ယနေ့ခေတ် လူငယ်များကို တစေ့တစ်စောင်း လေ့ လာကြည့်လျှင် အချို့လူငယ်များမှာ အားနည်းချက်တွေ၊ မာန် (မာန)လေးတွေ တွေ့မြင်နေရပါတယ်။

(၁) မကောင်းမြစ်တား၊ (၂) ကောင်းရာညွှန်လတ်၊ (၃) အတတ်သင်စေ၊ (၄) ပေးဝေနှီးရင်း (၅) ထိမ်းမြားခြင်းလျှင် ဆိုတဲ့ မိဘတို့ဝတ္တရားအတိုင်း မိဘနှစ်ပါး ကြိုးစားထောက်ပံ့ သင်ကြားပေးမှုကြောင့် ပညာများအသီးသီး တတ်မြောက်လာ တဲ့အခါ ကျေးဇူးတရားတွေ မမြင်ရုံမက မိဘထောက်ပံ့ သင်ကြားပေးတဲ့ပညာများကို အခြေခံပြီး တလွဲမာနတွေဝင် ကာ မိဘများကို အထင်သေးအမြင်သေး ပြုမူပြောဆိုတတ် ကြပါတယ်၊ လုံးဝဥဿုံ မဖြစ်ထိုက်ပါ၊ ထိုသူကို ပညာတတ် သူ ပညာရှိသူလို့ ခေါ်ဆိုလို့မရပါဘူး။

ပညာရှိသူများသန္တန်မှာ မာနတရားမရှိလို့ပါဘဲ၊ ပမာပုံ နိုင်းနှိုင်းပြရလျှင် မြစ်ကိုမမြင်ဖူး သူဟာ ချောင်းကိုပင်လယ် ထင်ပြီး ဘုရင့်နန်းတော်ကြီးကို မမြင်ဖူးသူဟာလည်း သူ့ရဲ့ စံအိမ်လေးကို နန်းတော်တမျှ ထင်တတ်ပါတယ်၊ ထို့တူပါပဲ ပညာခေါင်းပါးတဲ့ပုဂ္ဂိုလ်တွေဟာလည်း ကိုယ့်ကိုယ်ကို ပညာရှိ လို့ မှတ်ထင်တတ်ပါတယ်။

မာနတွေဝင်လာတတ်ပါတယ်၊ မာနတွေကိန်းလာ လျှင် ကျေးဇူးတရားတွေပင် မမြင်ကွယ်ပျောက် ပြစ်မှားခြင်း သို့ ရောက်တတ်တယ်။

ကိုယ့်ကိုယ်ကို သနားလျှင် ကိုယ့်စိတ်ကိုယ်ပြင်ပါ။
ကိုယ့်ကိုယ်ကို ကြည်ညိုအောင်နေပါ။

Generated by CamScanner from intsig.com

လူ့ဘဝမှာနေရတဲ့ သက်တမ်းက တိုတောင်းလှတာမို့ သင့်သင့်မြတ်မြတ်နေကြရန် သတိပေးပါတယ်၊ စာရေးသူပြောချင်ပါတယ်၊ ကိုယ့်ငါးချဉ်ကိုယ်ချဉ်တဲ့ သဘောမဟုတ်သလို ကိုယ့်ဘုရားမို့ ကိုယ်မွမ်းတာလည်းမဟုတ်ပါ။

ဗုဒ္ဓရဲ့တရားတော်များဟာ အလွန်သိမ်မွေ့နူးညံ့နက်ရှိုင်းလှပါတယ်၊ အဘယ်မျှ သိမ်မွေ့နူးညံ့ နက်ရှိုင်းသလဲဆိုလျှင် စိတ်စေတနာထားတတ်ရင် ထားတတ်သလောက် ဗုဒ္ဓအဆုံးအမနည်းကျကျ လုပ်ထုံးလုပ်နည်း မှန်မှန်ကန်ကန် လုပ်တတ်လျှင် လုပ်တတ်သလောက် (လုပ်သူအဖို့) ငွေမကုန် လူမပန်းဘဲ လက်တစ်ကမ်းအတွင်းမှာပင် ယူ၍မကုန်နိုင်အောင် ရနိုင်တဲ့ ကုသိုလ်ဓာတ်များ ရှိပါတယ်။

ရယူရမယ့် ကုသိုလ်ဓာတ်တွေပါလားလို့ သိမြင်တဲ့ဘာသာရေးအသိဉာဏ်မျက်စေ့ ဓမ္မအသိဉာဏ်မျက်စေ့ရှိရှိနဲ့ တကယ်လုပ်ဆောင်ဖို့သာ လိုပါတယ်။

## အခွင့်သာခိုက် ယူထားလိုက်

ငွေမကုန် လူမပန်းဘဲ အဘယ်သို့ရယူနိုင်ပါသလဲ၊ အဖြေက ရိုးရှင်းလှပေသည်၊ မိမိထက် အသက်သိက္ခာဂုဏ်ဝါအားဖြင့် ကြီးရင့်သူများရှေ့၌ဖြစ်စေ၊ လူကြီးမိဘများရှေ့၌ဖြစ်စေ သွားလာသည့်အခါ ကိုယ်ကို အနည်းငယ်ညွတ်ကာ အရိုအသေပေး၍သွားခြင်း ကိုယ်ကို မညွတ်နိုင်သည့်တိုင် ခေါင်းကိုငုံ့၍ အရိုအသေပေးလျှင် ဘာမျှဝန်လေးမည်မဟုတ်



ပါ။ ငွေကြေးကုန်ရန်လည်း မလိုဘဲ ရရှိမယ့်အကျိုးကျေးဇူးတွေက များပြားလှပါတယ်။

(အာယု) အသက်ရှည်ခြင်း၊ (ဝဏ္ဏ) ရုပ်အဆင်းလှပခြင်း၊ (သုခ) ချမ်းသာကြီးခြင်း၊ (ဗလ) ကျန်းမာသန်စွမ်းခြင်းဆိုတဲ့ အကျိုးတရားများ ရရှိမှာပါ။

ကိုယ်ကို အနည်းငယ် ကိုင်းညွတ်ခြင်း၊ ခေါင်းကိုငုံ့ခြင်းဖြင့် (သက္ကစ္စ)ကုသိုလ်ပမာဏ ကသေးငယ်သော်လည်း ရရှိတဲ့ အကျိုးပေးပမာဏနှင့် နှိုင်းယှဉ်လျှင် မြင်းမိုရ်တောင်နှင့် နှမ်းစေ့ပမာပါပဲ၊ ခရီးသွားရင်းလည်း ကုသိုလ်ဓာတ်ကို ယူတတ်ရင်ရပါတယ်။ ခရီးသွားဟန်လွှဲဆိုတဲ့ လောကဝေါဟာရလေးတစ်ခု ကြားဖူးမှာပါ၊ ဒီဝေါဟာရရဲ့အဓိပ္ပာယ်ကို စာရေးသူ နားလည်သဘောပေါက် ယူဆသည်မှာ မိမိသွားနေသော ခရီးစဉ်တစ်လျှောက်၌အခါ အခွင့်သင့်လို့ ကုသိုလ်ဖြစ်စေမယ့် အကြောင်းအရာတစ်ခု တိုက်ဆိုင်ကြုံတွေ့လာလျှင် ငါ့အတွက် ကုသိုလ်ရဖို့ အခွင့် ကောင်းပဲ၊ ဟန်ကျလိုက်တာလို့ မှတ်ယူကာ ကိုယ့်အတွက် ကုသိုလ်ဓာတ်ကို အရယူရမယ်။

တွေ့ဝေပြီး လွှဲမသွားသင်ဘူးလို့ ယူဆပါတယ်။ တစ်နည်းအားဖြင့် ခရီးစဉ်တစ်ခုမှာ ကိုယ်က ဟန်ကျပန်ကျထိုင်နေပေမယ့် ခရီးသွားဖော်များထဲ၌ ရဟန်းသံဃာ၊ အသက်အရွယ်ကြီးသူ၊ ကျန်းမာရေးမကောင်းသူ၊ ကလေးသူငယ်စတဲ့ ဦးစားပေးသင့်သူများတွေ့လျှင် အသိစိတ်ကလေးမွေးပြီး မိမိနေရာလေးကို လွှဲပြောင်းပေးခြင်းဖြင့် စောင့်ရှောက်ရပါမယ်၊

Generated by CamScanner from intsig.com

အပန်းကြီးတာမဟုတ်လို့ ငွေမကုန်လူမပန်းတဲ့ ကုသိုလ်အလုပ်ပါပဲ ကြိုးစားကြဖို့ မေတ္တာရပ်ခံပါတယ်။

## မရှိမသေမျိုးယုတ်ချေ

လူကြီးမိဘတို့အား ဦးညွတ်အရိုအသေပေးခြင်းကြောင့် ရရှိသော ကုသိုလ်အကျိုးပေး မြင့်မားသကဲ့သို့ပင် မရှိမသေ၊ မလေးမစားပြုမိပါက ဆိုးကျိုးများ ရရှိခံစားရပေမည်၊ အဂ္ဂါရဝအကျိုးကား ဒွန်းစဏ္ဍားဘဝသို့ပင် ရောက်ရှိတတ်ပါသည်။

ကမ္မဝိဘင်္ဂသုတ်မှာ ဘုရားရှင် ဟောထားပြီးမို့ အထူးဖွင့်ပြဖို့ မလိုပါသော်လည်း အလျဉ်းသင့်လို့ သော်ကမာလာအကြောင်းကို လေ့လာသုံးသပ်ပြီး မိမိရဲ့ဝစီကံကို ထိန်းသိမ်းဖို့ သတိပေးချင်ပါတယ်။

သူ့အမည်ရင်းက မယ်ဒေဝီ နောက်တော့ သော်ကမာလာလို့ အမည်တွင်ပါတယ်၊ ရုပ်ဆင်းအင်္ဂါက မြင်ရသူ ရူမငြီးအောင် လှပတင့်တယ်လို့ အိမ်ရှေ့မင်းသား သာလိကုမာရ ကိုယ်တိုင်ပင် နှစ်သက်သဘောကျကာ တော်ကောက်ခဲ့လေတော့ အိမ်ရှေ့မင်းသားရဲ့ ကြင်ယာတော် သော်ကမာလာဒေဝီလို့ အများသိခဲ့တာပါ။

အရှင်မွေးလို့ နေ့ချင်းကြီးခဲ့ပေမယ့် သူ့ဘဝကိုကြည့်ပါဦး မျိုးရိုးဇာတိက ဟလ္လောလရွာသူကြီး စဏ္ဍာလပန်းပဲဆရာကြီးရဲ့သမီးဖြစ်နေပါတယ်၊ ဒီလောက် ချောမောလှပပြီး တင့်



တယ်တဲ့အရည်အဆင်း သာယာတဲ့အသံရှိပါသော သော်ကမာလာ၊ အိမ်ရှေ့စံမင်းသားတစ်ပါးရဲ့ ဒေဝီတစ်ပါးဖြစ်ပေမယ့် သော်ကမာလာ ဘာကြောင့် ဒွန်းစဏ္ဍားသမီးဖြစ်ရပါသလဲ။

ဒီအဖြစ်ကို မီးမောင်းထိုးပြရလျှင် ယခုဘဝမရောက်မီ ရှေ့နှစ်ဘဝလောက်မှာပေါ့ သီဟိုဠ်ကျွန်းမှာ အမျိုးသမီးတစ်ဦးဖြစ်စဉ်က မိခင်နှင့်အတူ ပန်းကလပ်ကိုရွက်ပြီး ဗောဓိပင်ကို ပန်းပူဇော်ရန် သွားခဲ့ကြတယ်၊ ဗောဓိပင်ရောက်တော့ တံမြက်လှည်းအမှိုက်များ သုတ်သင်ရှင်းလင်းပြီး ရေသပ္ပါယ်လိုသဖြင့် မိခင်နှင့်အတူ ရေခပ်သွားရင်း ကလေးတို့သဘာဝ ဆာလောင်လှလို့ နောက်မှာနေရစ်ခဲ့ပြီး အိမ်ကိုတစ်ယောက်တည်း ပြန်ပြေးပြီး ယာဂုတွေကို သောက်တဲ့အခါ ကလေးဘဝမို့ မကိုင်တတ်တာမို့ ဖိတ်စင်ပေရေနေပါတယ်။

အမေကြီးပြန်ရောက်တဲ့အခါ ဖိတ်စင်ပေရေနေတဲ့ ယာဂုတွေမြင်တော့ ''ဗိုင်းဒါမ ဒွန်းစဏ္ဍားမ သူတောင်းစားမလေး လုပ်လိုက်ရင် ဒီလိုချည်းပဲ'' ဘာညာနှင့် မြည်တွန်တောက်တီးတော့တာပေါ့။

ဒီမှာပဲ သော်ကမာလလောင်းဖြစ်တဲ့ သမီးလေးက ''ကျုပ်က ဒွန်းစဏ္ဍားမ မဟုတ်ဘူး၊ အမေသာ ဒွန်းစဏ္ဍားမကြီး''လို့ ပြောလိုက်တယ်၊ မိခင်ကြီးကို ပြန်ပြီးရန်တွေ့ခဲ့တဲ့ ဝစီကံကြောင့် သော်ကမာလာလေးဟာ ရုပ်ချောပါသော်လည်း ဒွန်းစဏ္ဍားမလေးဖြစ်ခဲ့ရခြင်းပါ။

သက္ကစ္စတရားနည်းပါးပြီး အဂါရဝပွားရင်ဖြင့် အမျိုးနိမ့်တတ်တာကြောင့် သံသရာအရေးကိုမျှော်တွေးပြီး ပူဇာစပူဇ

Generated by CamScanner from intsig.com

မင်္ဂလာနှင့်အညီ ပူဇော်ထိုက်သူကို ပူဇော်ခြင်းဖြင့် ဘဝမြင့်မားဖို့ ပိုင်းခြားဝေဖန်လျက် ကောင်းကျိုးခံစားနိုင်ကြပါစေ။

## ဝေဖန်ခြင်းဟာ ဆင်ခြင်တုံတရားမဟုတ်

ပူဇော်ထိုက်သူကို ပူဇော်ခြင်း ရိုသေထိုက်သူကို ရိုသေခြင်း၊ ဂါရဝထားခြင်းတို့သည် မင်္ဂလာဆိုရာ၌ အဓိပ္ပာယ်ရိုးရှင်းလှပါ၏။

"ရိုသေထိုက်သူ"တဲ့....

မိမိအားထားကိုးကွယ်သူဟာ ရိုသေထိုက်သူဖြစ်ရပါမယ်။ ထို့အတူပင် မိမိကိုယ်တိုင်လည်း ရိုသေထိုက်သူဖြစ်ဖို့ ဆင်ခြင်တုံတရားနှင့် ပွားများနေထိုင်ရမယ်။

ကိုးကွယ်ထိုက်သည်၌ ယုံကြည်စွာကိုးကွယ်ရပေမည်၊ ယုံကြည်ကိုးကွယ်အပ်သည်၌ မဆည်းကပ် သဒ္ဓါမဖက် ဝေဖန်ခြင်းသက်သက်ဖြင့်သာ အချိန်ကုန်လျှင် ကောင်းကျိုးမရရှိဘဲ ဆိုးကျိုးတရားတွေသာ ပွားများမှာပါ။

ဝေဖန်ခြင်းနဲ့ ဆင်ခြင်တုံတရားကို ပိုင်းခြားသိဖို့-လိုပါတယ်၊ ဝေဖန်ခြင်းကို ဆင်ခြင်တုံတရားဟုထင်လျှင် မှားပါမယ်၊ ဆင်ခြင်တုံတရားရဲ့နောက် ပညာပါပါတယ်။

ဝေဖန်ခြင်းရဲ့နောက်မှာ စဉ်းလဲမှုတွေပါတတ်ပါတယ်၊ စဉ်းလဲမှုဟာ ပစ္စုပ္ပန်သံသရာအကျိုးယုတ်စေတာမို့ ရှောင်ကြဉ်ရပါမယ်၊ ဆင်ခြင်တုံတရားရှိတဲ့ပုဂ္ဂိုလ်ဟာ ဘေးရန်ကင်းပြီး ချမ်းသာသုခကို ခံစားရမှာပါပဲ၊ လောကသူသားတိုင်း စီးပွား



ဖြစ်ထွန်းချင်ကြတယ် အခြွေအရံပရိသတ်နဲ့ ပြည့်ချင်ကြတယ်၊ ကျန်းကျန်းမာမာနဲ့ အသက်ရှည်ရှည်နေချင်ကြတယ် စုတိပျက်ကြွေသေလွန်တဲ့အခါ ကောင်းရာသုဂတိသို့ ရောက်ချင်ကြတယ်ဆိုတဲ့ အချက်တွေဟာ ငြင်းစရာမလိုတဲ့အချက်တွေပါ၊ ဒီအချက်တွေ ပြည့်စုံချင်လျှင် ဘာတွေလုပ်သင့်ပါသလဲ၊ ဒီအတွက် ဘုရားရှင်က ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးကို ဟောထားတာရှိပါတယ်။

> ဣမေသံခေါဂဟပတိ စတုန္နံဓမ္မာနံ
> ဣဋ္ဌာနံ ကန္တာနံ မနာပါနံ ဒုလ္လဘာနံလောကသ္မိံ
> စတ္တာရောဓမ္မာ ပဋိလာဘာယသံဝတ္တန္တိ
>
> (အံ၊ ၁၊ ၃၇၉)

အဓိပ္ပါယ်က အကြောင်းတရားလေးပါးရှိတယ်တဲ့ အကြောင်းတရားလေးပါးက

(၁) **သဒ္ဓသမ္ပဒါ** = သဒ္ဓါတရားနှင့်ပြည့်စုံခြင်း (ယုံကြည်မှု)
(၂) **သီလသမ္ပဒါ** = သီလနှင့်ပြည့်စုံခြင်း (စောင့်ထိန်း)
(၃) **စာဂသမ္ပဒါ** = စွန့်ကြဲမှုနှင့်ပြည့်စုံခြင်း (လွတ်လွတ်)
(၄) **ပညာသမ္ပဒါ** = -ပညာနှင့်ပြည့်စုံခြင်း (အသိဉာဏ်)လို့

ပြပါတယ်၊ အကြောင်းတရားတွေဖြစ်တဲ့ သဒ္ဓါတရား၊ သီလတရား၊ စာဂတရားတွေရှိတယ် တရားအားထုတ်တဲ့အခါမှာ ရုပ်တရား၊ နာမ်တရားတွေကို ကြောင်းကျိုးသိခြင်း၊ ပိုင်းခြားသိခြင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးပါးရဲ့ သဘောမှန်ကို ရှင်းရှင်းလင်းလင်းဝိပဿနာဉာဏ်တွေနဲ့ သိတဲ့ပညာရှိခြင်းစတဲ့ အချက်တွေနဲ့ ပြည့်စုံမယ်ဆိုလျှင် လောကီစီးပွားလည်း

ပြည့်မယ်၊ ကျန်းမာစွာ အသက်ရှည်ရှည်နေရမယ်။

သေပြီးတဲ့နောက်မှာလည်း သုဂတိသို့လားရောက်ရမှာ သေချာပါတယ်၊ ကောင်းကျိုးချမ်းသာကို ခံစားချင်သူဟာ ဝေဖန်ခြင်းမဟုတ်သော ဆင်ခြင်တုံတရားများနဲ့ ဒီတရားတွေ ပြည့်စုံအောင် သီလတည်းဟူသော သင်္ဘောကြီးပေါ်မှာ ဒါန တည်းဟူသော ရိက္ခာလုံလောက်စွာတင်လျက် ဘာဝနာစက် ကုန်ဖွင့်ပြီး သံသရာပင်လယ်ကျယ်ကြီးက လွတ်မြောက်အောင် ရုန်းထွက်ကြပါရန် တိုက်တွန်းလိုက်ပါတယ်၊ ကောင်းစေလို၍ မေတ္တာရပ်ခံခြင်းပါ။ စာရှုသူ လိုက်နာနိုင်ပါစေ။

စေတနာမေတ္တာထားလျက်

ဓမ္မဝေပုလ္လ အရှင်သုန္ဒရ

ကျမ်းကိုး

၁။ သိင်္ဂါလောဝါဒသုတ်

၂။ မေတ္တသုတ်

၃။ -မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဆုံးအမ

၄။ တိပိဋကမင်းကွန်းဆရာတော်ဘုရားကြီး၏အဆုံးအမ

၅။ ဝေဘူဆရာတော်ဘုရားကြီး၏အဆုံးအမ

၆။ ပိုင်းလော့ဆရာတော်ဘုရား၏အဆုံးအမ

၇။ လောကနီတိအဆုံးအမ

၈။ ငါးရာ့ငါးဆယ် အဇာတသတ်ဝတ္ထု

၉။ ငါ့ရာ့ငါးဆယ် ဒသကနိပါတ် စတုဒ္ဒါရဇာတ်

Generated by CamScanner from intsig.com